


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

## ( ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ )

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ပြန်ကြားရေးဝန်ကြီးဌာန | – | စာအုပ်အမှတ်စဉ် ( ၁၉/၂၀၂၅ ) |
| ထုတ်ဝေသည့်ခုနှစ် | – | ၂၀၂၅ ခုနှစ်၊ မတ်လ |
| ထုတ်ဝေသည့်အကြိမ် | – | ပထမအကြိမ် |
| အုပ်ရေ | – | ၁၀၀၀ အုပ် |
| ပုံနှိပ် | – | ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန |

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH, NUG, PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့် လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH, NUG, PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## Public Notice for Elimination of Violence

**1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.**

**2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.**

**3. Giving information secretly to the authorities on terrorists and on the possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ
( ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ )

## မာတိကာ


- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅)ရပ် ၅
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ် ၆

**မိန့်ခွန်းများ**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့် အမှာစကား ၇

၂။ ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၁၂

၃။ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား တွေ့ဆုံစဉ်ပြောကြားသည့် အမှာစကား ၁၇

၄။ မြန်မာ့စားသောက်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် (၂၀၂၅) ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၂၃

၅။ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၈) သူရတပ်ခွဲ သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၂၆

၆။ တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)မှ သင်တန်းသားအရာရှိများအား တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား ၃၂

၇။ မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်ငွေပေးချေမှုအတွက် National QR Standard ဖြစ်သည့် MMQR စတင်အသုံးပြုခြင်းအခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၃၇

သဝဏ်လွှာ


၁။ (၇၈) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ ၄၃

၂။ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ ၄၇

၃။ (၇၇) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ ၅၁


■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင် ဆောင်ရွက်ရေး။

# ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့် အမှာစကား

## ( ၃ - ၂ - ၂၀၂၅ )





ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီလ ၃ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

### လုပ်ငန်းများ အောင်မြင်စေရေး ကြပ်မတ်ကွပ်ကဲ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့သည့် အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး ပြည်နယ်ဝန်ကြီးချုပ်များအား နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ယခုကဲ့သို့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဦးတည်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ လူမှုရေးနှင့် ကျန်းမာရေးပိုင်းဆိုင်ရာကိစ္စရပ်များအားလုံးကိုအောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ချမှတ်ထားခြင်းဖြစ်ကြောင်း၊ နိုင်ငံတိုးတက်ကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရမည့် အစိုးရတစ်ရပ်၏ မူဝါဒများပင်ဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့မှ ဦးဆောင်လမ်းညွှန်မှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက လုပ်ငန်းများ အောင်မြင်စေရေး လက်တွေ့ကြပ်မတ်ကွပ်ကဲနေရန်လိုကြောင်း။

### အမျိုးသားရေးရည်မှန်းချက် (၂)ရပ် အောင်မြင်ရေး ဝိုင်းဝန်းဆောင်ရွက်ရန်လို

မိမိတို့အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံပေါများရေးဆိုသည့် အမျိုးသားရေးရည်မှန်းချက် (၂) ရပ်ကို ချမှတ်ထားကြောင်း၊ ၎င်းသည် နိုင်ငံတိုင်းအတွက် အခြေခံလိုအပ်ချက်ဖြစ်ပြီး အောင်မြင်အောင်

ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ခု တိုးတက်ရေးကို GDP ဖြင့် တိုင်းတာကြပြီး အချက်အလက်များ မှန်မှန်ကန်ကန်ဖြင့် ရရှိရန်လိုကြောင်း၊ နိုင်ငံ့ GDP တိုးတက်ရေးအတွက် လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးဟူ၍ ကဏ္ဍကြီးသုံးရပ်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် အာဆီယံနှင့် ဒေသတွင်းနိုင်ငံများတွင် GDP နည်းပါးသည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီး၌ပင် အခြားနိုင်ငံများထက် ထုတ်လုပ်မှုစွမ်းရည်မှာ အားနည်းနေသေးသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှု တိုးတက်စေရေး အားပေးဆောင်ရွက်မှသာ နိုင်ငံ၏ GDP မှာလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် တစ်ဦးချင်းဝင်ငွေများတိုးတက်ပြီး နိုင်ငံ့ GDP တိုးတက်အောင် ဆောင်ရွက်နိုင်ရန်အတွက် အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် နိုင်ငံစီးပွားတိုးတက်ရေးအတွက် အခြေခံကောင်းများရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့စီးပွား မြှင့်တင်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင်မြင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် တစ်ဧကအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီစေရေးနှင့် ဆီထွက်သီးနှံများအထွက်နှုန်းတိုးတက်စေရေး အမြဲတိုက်တွန်းမှာကြားလျက်ရှိကြောင်း၊ ပြည်တွင်းစားသုံးဆီဖူလုံရေး ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုများ များစွာလျှော့ချနိုင်မည်ဖြစ်သဖြင့် မိမိတို့အစိုးရအဖွဲ့အနေဖြင့် သတိချပ်၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် ခွဲဝေချထားပေးသည့်ဘတ်ဂျက်များကို သတ်မှတ်ပေးထားသည့် အချိန်ကာလအတွင်း မှန်မှန်ကန်ကန် အကျိုးရှိရှိဖြင့် အသုံးချသွားရန်လိုကြောင်း။

> နိုင်ငံ့ GDP တိုးတက်ရေးအတွက် လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးဟူ၍ ကဏ္ဍကြီးသုံးရပ်ရှိ၊ မိမိတို့နိုင်ငံသည် အာဆီယံနှင့် ဒေသတွင်းနိုင်ငံများတွင် GDP နည်းပါးသည့် နိုင်ငံတစ်ခုဖြစ်၊ စိုက်ပျိုးရေးကုန်ထုတ်လုပ်မှု တိုးတက်စေရေး အားပေးဆောင်ရွက်မှသာ နိုင်ငံ၏ GDP မှာလည်း တိုးတက်လာမည်ဖြစ်၊ ပြည်သူများအနေဖြင့် တစ်ဦးချင်းဝင်ငွေများ တိုးတက်ပြီး နိုင်ငံ့ GDP တိုးတက်အောင် ဆောင်ရွက်နိုင်ရန်အတွက် အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်၊ နိုင်ငံ့စီးပွား မြှင့်တင်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင်မြင်အောင် ဆောင်ရွက်သွားရန်၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် တစ်ဧကအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီစေရေးနှင့် ဆီထွက်သီးနှံများ အထွက်နှုန်းတိုးတက်စေရန် အမြဲတိုက်တွန်းမှာကြားလျက်ရှိ၊ ပြည်တွင်းစားသုံးဆီဖူလုံရေး ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုများ များစွာလျှော့ချနိုင်မည်ဖြစ်သဖြင့် မိမိတို့အစိုးရအဖွဲ့အနေဖြင့် သတိချပ်၍ ဆောင်ရွက်ကြရန်လို။

**စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ၊ MSME ထုတ်ကုန်များ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး သုတေသနလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်လို**

မိမိတို့နိုင်ငံအတွင်း စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် စိုက်ပျိုးရေးထုတ်ကုန်များအား ပြည်ပသို့ တင်ပို့နိုင်သည့် အခြေအနေသို့ရောက်ရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ MSME ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသတွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းများကိုအသုံးပြု၍ အရည်အသွေးပြည့်မီသည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ပြည်တွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကို ပြည်ပသို့ တိုက်ရိုက်တင်ပို့ခြင်းထက် ကုန်ချောအဖြစ်ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့မည်ဆိုပါက အကျိုးပိုမိုဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် MSME

လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ထုတ်လုပ်မှုသုတေသန လုပ်ငန်းများ၊ ဈေးကွက်သုတေသနလုပ်ငန်းများကို သက်ဆိုင်ရာ စိုက်ပျိုးရေးတောင်သူများ၊ ကုန်ထုတ်လုပ်ငန်း ဆောင်ရွက်သူများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ တာဝန်ရှိသူများပူးပေါင်း၍ ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ ပြည်ပဈေးကွက်ရရှိရေးအတွက်လည်း သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပူးပေါင်း၍သုတေသနပြု ဆောင်ရွက်ကြရန်လိုကြောင်း။

ဒေသအလိုက်ထူးခြားသည့် စိုက်ပျိုးရေးထွက်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး သုတေသနပြုဆောင်ရွက် ရန်လိုကြောင်း၊ ဥပမာအားဖြင့် မိမိတို့နိုင်ငံတွင် စိုက်ပျိုး ဖြစ်ထွန်းသည့် သရက်၊ စတော်ဘယ်ရီ၊ မက်မန်း၊ ကော်ဖီ နှင့် အခြားအသီးအနှံများကို အရည်အသွေးကောင်းမွန် စွာဖြင့် ပိုမိုထုတ်လုပ်နိုင်ရေး သုတေသနပြုဆောင်ရွက် သွားရန်လိုကြောင်း၊ ဒေသမျိုးရင်းများကိုလည်း မပျောက် ပျက်အောင် သုတေသနပြု ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလားတူ စက်မှုကုန်ထုတ်သီးနှံများဖြစ်သည့် ဝါ၊ ဝါး၊ ရော်ဘာနှင့် အခြားသီးနှံများဖြစ်သည့် ပဲ၊ ပြောင်း၊ နေကြာ၊ နှမ်းတို့သည် နိုင်ငံအလိုက် ဈေးကွက်ရရှိနိုင်သည့်အတွက် တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက် သွားရန်လိုကြောင်း။

မွေးမြူရေးလုပ်ငန်းများကိုလည်း ဒေသအလိုက် တိုးတက်ဖြစ်ထွန်းစေရေး ဒေသနှင့်ကိုက်ညီသည့် မျိုးများကို မွေးမြူနိုင်ရန်နှင့် စနစ်ကျနသည့် မွေးမြူရေးလုပ်ငန်း များကို ဦးစွာအကောင်အထည်ဖော်ဆောင်ရွက်ရန်လို ကြောင်း၊ မွေးမြူရေးဇုန်များအလိုက် လုပ်ငန်းများဆောင်ရွက် ရာတွင် အဖြစ်သဘောမျိုး မွေးမြူခြင်းမဟုတ်ဘဲ ဇုန်များ အလိုက် ထိုက်သင့်သည့် နှုန်းထားများအတိုင်း မွေးမြူ ဆောင်ရွက်ကြစေရေး တာဝန်ရှိသူများအနေဖြင့် ကြပ်မတ် ဆောင်ရွက်သွားကြစေလိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများသည် တစ်ဦးတစ်ယောက်ချင်းစီ သာမက ဒေသနှင့်နိုင်ငံ၏အကျိုးကို များစွာအထောက်အကူ ဖြစ်စေသောကြောင့် လုပ်ငန်းများ အောင်မြင်တိုးတက် ဖွံ့ဖြိုးစေရေး အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် သွားကြစေလိုကြောင်း။

တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်စိုက်ပျိုးမွေးမြူရေး MSME ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး စံပြကျေးရွာ များ၊ စံပြမြို့၊ စံပြခရိုင်များသတ်မှတ်၍ ဆောင်ရွက်သွား ရန်လိုကြောင်း၊ ဒေသမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေး ထွက်ကုန်နှင့် ထုတ်ကုန်များအလိုက် စံပြဆုများပေးအပ်၍ ဆောင်ရွက်သွားနိုင်ပါက အခြားကျေးရွာ၊ မြို့နယ်၊ ခရိုင် များမှလည်း အတုယူ၍ လိုက်ပါဆောင်ရွက်လာနိုင်မည် ဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့အစည်းအသီးသီးအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုများ၊ အားသာချက်၊ အားနည်းချက် များကိုလည်း စနစ်တကျ မှတ်တမ်းထားရှိရန်လိုကြောင်း၊ မှတ်တမ်းများသည် နောင်တစ်ချိန်တွင် သမိုင်းဖြစ်လာမည် ဖြစ်ကြောင်း။

**ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ အားပေးမြှင့်တင်**

စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့်

**MSME ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသတွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းများကိုအသုံးပြု၍ အရည်အသွေးပြည့်မီသည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်လို၊ ပြည်တွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းများကို ပြည်ပသို့ တိုက်ရိုက်တင်ပို့ခြင်းထက် ကုန်ချောအဖြစ် ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့မည်ဆိုပါက အကျိုးပိုမိုဖြစ်ထွန်းစေမည်ဖြစ်၊ ဒေသခံများ၏ ပညာရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း တစ်ဖက် တစ်လမ်းမှ ကူညီဆောင်ရွက်ပေးနိုင်ရန်လို၊ ဝေးလံခေါင်ဖျားသည့် ဒေသများ၌ တာဝန် ထမ်းဆောင်နေရသည့် ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများ၏ နေရေး၊ စားရေး အဆင်ပြေစေရေးအတွက်လည်း ဒေသအုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများက တတ်နိုင်သရွေ့ ဆောင်ရွက်ပေးသွားရန်လို။**

စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက်ပညာတတ် လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေ လိုအပ်မည် ဖြစ်ကြောင်း၊ လာမည့်ပညာသင်နှစ်တွင် အကြောင်းအမျိုးမျိုး ကြောင့် ပိတ်ထားရသည့်ကျောင်းများ ပြန်လည်ဖွင့်လှစ် သင်ကြားနိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက် သွားရမည်ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် စာမေးပွဲဖြေဆိုနိုင်စေရေး၊ နွေရာသီကျောင်းပိတ်ရက်ကာလကို အကျိုးရှိစွာ အသုံးချ နိုင်စေရေးအတွက်လည်း တာဝန်ရှိသူများက စီမံဆောင်ရွက် ပေးသွားရန်လိုကြောင်း၊ ထို့ပြင် နိုင်ငံတော်အနေဖြင့် ပညာရေးမြှင့်တင်မှုအဖြစ် Polytechnic University များကိုနေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ် ၄ ခု၌ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး လာမည့်ပညာသင်နှစ်တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးပေါင်းစည်းထားသည့် တက္ကသိုလ် တစ်ခုကို ဧရာဝတီတိုင်းဒေသကြီး၌ ဖွင့်လှစ်နိုင်ရေး စီမံ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊အလားတူ နေပြည်တော် ကောင်စီနယ်မြေအတွင်း၌ Polytechnic Institute တစ်ခု ကို တည်ဆောက်ပေးသွားမည်ဖြစ်ပြီး ဝန်ထမ်းမိသားစု သားသမီးများ၏ ပညာရေးကိုအဓိကရည်ရွယ်၍ ဆောင်ရွက် ခြင်းဖြစ်ကြောင်း။

ပညာရေးကဏ္ဍကို မြှင့်တင်ရမည်ဖြစ်သကဲ့သို့ လူငယ်များနှင့် ဆက်စပ်နေသည့် အားကစားကဏ္ဍကိုလည်း မြှင့်တင်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ အားကစား ပြိုင်ပွဲများကျင်းပပြီး အားကစားသမားများ၏ စံချိန်များ မြင့်မားလာစေရေး ဆောင်ရွက်သွားရန်လိုပြီး မှတ်တမ်းများ စနစ်တကျထားရှိရန်လိုကြောင်း၊ အားကစားကို အားပေး မြှင့်တင်ခြင်းဖြင့် တိုင်းချစ်ပြည်ချစ်စိတ်များ၊ မျိုးချစ်စိတ်များ ရှင်သန်ထက်မြက်လာစေမည်ဖြစ်ကြောင်း။

ကျန်းမာရေးနှင့်ပတ်သက်၍လည်း ဆေးရုံရှိလျှင် ဆရာဝန်ရှိရမည်ဟူသည့် မူဝါဒနှင့်အညီ ဖြည့်ဆည်းဆောင်ရွက် ပေးသွားနိုင်ရန်လိုကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ အနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအပြင် ဒေသခံများ၏ ပညာရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်း တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေး နိုင်ရန်လိုကြောင်း၊ ဝေးလံခေါင်ဖျားသည့် ဒေသများ၌ တာဝန် ထမ်းဆောင်နေရသည့် ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်း များ၏ နေရေး၊ စားရေး အဆင်ပြေစေရေးအတွက်လည်း ဒေသအုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများက တတ်နိုင် သရွေ့ ဆောင်ရွက်ပေးသွားရန်လိုကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံသူနိုင်ငံသားများ၏ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအပြင် သဘာဝဘေးအန္တရာယ် ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများကိုလည်း ဖြစ်ပွားရသည့် အကြောင်းအရင်းနှင့် ပြန်လည်တည်ဆောက်ရမည့် အခြေအနေများကို သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိ သူများ၊ ပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ကူညီ ကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း များကို ထိထိရောက်ရောက်ဖြင့် အမြန်ဆုံး ဆောင်ရွက်

> **တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု(ကျားဖြန့်)ကို အကြောင်းပြု၍ နိုင်ငံတော်တွင် အခက်အခဲများဖြစ်ပေါ်ခဲ့ပြီး ထိထိရောက်ရောက် အရေးယူမှုများကို ဆောင်ရွက်ခဲ့၊ နိုင်ငံတကာ၌လည်း ၎င်းကိစ္စနှင့်ပတ်သက်၍ အာရုံစိုက်မှုရှိလာ၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာနှင့် ပူးပေါင်း၍ ၎င်းဒုစရိုက်မှုနှိမ်နင်းရေးကို တက်ကြွကျယ်ပြန့်စွာဆောင်ရွက်နေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်၊ သက်ဆိုင်ရာနယ်မြေများအလိုက် တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် မိမိတို့ ဒေသများအတွင်း တရားမဝင် အွန်လိုင်း လောင်းကစားနှင့် ငွေကြေးလိမ်လည်မှု လုပ်ငန်းများ၊ အခြားဒုစရိုက်လုပ်ငန်းများ မရှိစေရေးနှင့် မဖြစ်ပေါ်စေရေး ဖော်ထုတ် အရေးယူခြင်းများဖြင့် တင်းတင်းကျပ်ကျပ် ပြတ်ပြတ်သားသားဖြင့် ကိုင်တွယ် ဆောင်ရွက်သွားကြရန် မဖြစ်မနေလိုအပ်။**

နိုင်အောင် ကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ပြင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ အကြမ်းဖက်မှု၊ လက်နက်ကိုင်သောင်းကျန်းမှု ဖြစ်ပွားခြင်းကြောင့် ပြည်သူများ၏ ဆုံးရှုံးမှုများသည်လည်း သဘာဝဘေးအန္တရာယ် သတ်မှတ်ချက်များတွင် အကျုံးဝင်သောကြောင့် နိုင်ငံတော်အနေဖြင့် တိုက်ပွဲရှောင်ပြည်သူများကို ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး စာရင်းပြုစု ကောက်ယူလျက်ရှိကြောင်း၊ စာရင်းပြုစုမှုများတွင် သက်ဆိုင်ရာ နယ်မြေများအလိုက် တိုက်ပွဲရှောင်ပြည်သူများအားလုံး ပါဝင်မှုရှိစေရေး၊ စာရင်းတွင် မပါဝင်ဘဲ ကျန်နေခဲ့ရသူများမရှိစေရေး စနစ်တကျ မြေပြင်စာရင်းကောက်ယူသွားရန်နှင့် ထိထိရောက်ရောက် ထောက်ပံ့ပေးအပ်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း။

**အွန်လိုင်းလောင်းကစားနှင့် ဆက်စပ်ဒုစရိုက်မှုများကို ပြတ်ပြတ်သားသား နှိမ်နင်းမည်**

တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု(ကျားဖြန့်)ကို အကြောင်းပြု၍ နိုင်ငံတော်တွင် အခက်အခဲများဖြစ်ပေါ်ခဲ့ပြီး ထိထိရောက်ရောက် အရေးယူမှုများကို ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတကာ၌လည်း ၎င်းကိစ္စနှင့်ပတ်သက်၍ အာရုံစိုက်မှု ရှိလာကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာနှင့် ပူးပေါင်း၍ ၎င်းဒုစရိုက်မှုနှိမ်နင်းရေးကို တက်ကြွကျယ်ပြန့်စွာ ဆောင်ရွက်နေကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်၊ သက်ဆိုင်ရာနယ်မြေများအလိုက် တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် မိမိတို့ဒေသများအတွင်း တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများ၊ အခြားဒုစရိုက်လုပ်ငန်းများ မရှိစေရေးနှင့် မဖြစ်ပေါ်စေရေး ဖော်ထုတ်အရေးယူခြင်းများဖြင့် တင်းတင်းကျပ်ကျပ် ပြတ်ပြတ်သားသားဖြင့် ကိုင်တွယ်ဆောင်ရွက်သွားကြရန် မဖြစ်မနေလိုအပ်ကြောင်း၊ ၎င်းအမှုများအပြင် မူးယစ်ဆေးဝါးကိစ္စများနှင့် အခြားဒုစရိုက်မှုများ၌ ပါဝင်ဆောင်ရွက်နေသူများအပြင် သက်ဆိုင်ရာ နယ်မြေအလိုက် တာဝန်ရှိသူများ ပတ်သက်နေမှုရှိပါက အားလုံးကို ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်သဖြင့် အလေးထားလိုက်နာ ဆောင်ရွက်သွားရန်လိုကြောင်း။

**ရွေးကောက်ပွဲအောင်မြင်စေရန် ကြိုတင်ပြင်ဆင်**

ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပပေးနိုင်ရေးသည် မိမိတို့၏ အဓိကရည်မှန်းချက်ပင်ဖြစ်ကြောင်း၊ အထွေထွေရွေးကောက်ပွဲ ကျင်းပပေးပြီး ပေါ်ပေါက်လာသည့် လွှတ်တော်များအတွင်းတွင်လည်း တိုင်းရင်းသားများနှင့် လူထုလူတန်းစားအလွှာများကို ကိုယ်စားပြုသူများ ကျယ်ပြန့်စွာ ပါဝင်လာရေးအတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်သွားရမည်ဖြစ်ပြီး မဲဆွယ်စည်းရုံးမှုများ ဆောင်ရွက်နိုင်ရေးအတွက် လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အပိုင်းမှ ရွေးကောက်ပွဲအောင်မြင်မှုရှိစေရေး ကြိုတင်ပြင်ဆင်ရမည့် ကိစ္စရပ်များကို စနစ်တကျ တွက်ချက်၍ ဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများအနေဖြင့် ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် ဥပဒေများကို စေ့စပ်ကျယ်ပြန့်စွာ လေ့လာထားရန်လိုကြောင်း၊ နိုင်ငံရေးပါတီများမှလည်း လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် လွှတ်တော် ၃ ရပ်အတွက် ရွေးကောက်တင်မြှောက်မှုများကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် မဲမသမာမှုများ မဖြစ်စေရေး၊ မဲဆန္ဒရှင်များအနေဖြင့် မဲပေးရာတွင် ရှင်းလင်းလွယ်ကူစွာ မဲပေးနိုင်ရေး၊ မဲရလဒ်မှန်ကန်ရေး၊ ပယ်မဲမရှိရေး၊ မဲမသမာမှု မပြုလုပ်နိုင်ရေးနှင့် ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် မြန်မာအီလက်ထရောနစ် မဲပေးစက်(Myanmar Electronic Voting Machine)ကို အသုံးပြုနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

■ ■ ■

# ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၉ - ၂ - ၂၀၂၅ )





၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီလ ၉ ရက်နေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၁(MICC-1)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အဖွင့်အမှာစကားပြော ကြားပြီး ရုပ်ရှင်တစ်သက်တာ ထူးချွန်ဆုများ ပေးအပ် ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်း အရုံးမှ နာယကကြီးများ၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်မာ့ ရုပ်ရှင်ထူးချွန်ဆု စိစစ်အကဲဖြတ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံသဘင် အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၊ မြန်မာ နိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံဟာသပညာရှင် များ အစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ စာပေနှင့် သတင်း နယ်ပယ်များမှ အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်း များမှ တာဝန်ရှိသူများ၊ ရုပ်ရှင်၊ စာပေ၊ သဘင်၊ ဂီတ နယ်ပယ်အသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင် များနှင့် အနုပညာရှင်များ၊ တာဝန်ရှိသူများနှင့် အထူး ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက် ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် အခမ်းအနား ကျင်းပမည့် ကျောက်စိမ်းခန်းမအဝင် လျှောက်လမ်း၌ ပြသထားသည့် ၁၉၅၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ မြန်မာ့ ရုပ်ရှင်ထူးချွန်ဆုရရှိခဲ့ကြသူများနှင့် ရုပ်ရှင်ဇာတ်ကားများ၊ ထူးချွန်ဆုရအနုပညာရှင်များ၊ အတတ်ပညာရှင်များ၏ မှတ်တမ်းဓာတ်ပုံများ ပြသထားရှိမှုကို ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒစ်ဂျစ်တယ်စက်ခလုတ်ခုံပေါ်တွင်အကယ်ဒမီကြယ်စင်ရုပ်ကို စိုက်ထူ၍ ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက “တိုးတက်အောင်မြင် မြန်မာ့ရုပ်ရှင်” တေးသီချင်းကို သရုပ်ဖော်ဖျော်ဖြေတင်ဆက်ကြပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့က ဂုဏ်ပြုစီစဉ်တင်ဆက်သည့် “ကြည်လင်သန့်စင် စီးမျောသက်ဝင် မြန်မာ့ရုပ်ရှင်” မှတ်တမ်း Video Clip ကို ပြသသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ၁၉၅၂ ခုနှစ်မှ စတင်ချီးမြှင့်လာခဲ့သည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားများသည် ယနေ့ဆိုပါက (၆၆)ကြိမ်မြောက် ကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း၊ နိုင်ငံတော်၊ ပြည်သူနှင့် အနုပညာရှင်များ၏ စုစည်းမှု၊ အေးချမ်းပျော်ရွှင်မှုများကို (၆၆)ကြိမ်မြောက် ဝေမျှဖော်ကျူးပေးနိုင်သည့် မင်္ဂလာအခမ်းအနားပင်ဖြစ်ကြောင်း၊ မြန်မာ့ရုပ်ရှင်ခေတ်ဦးကို ပြန်ကြည့်ပါက ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်လမ်းကိုယ်ဖောက်၊ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်ပြီး အောင်မြင်တိုးတက်ခဲ့သည့် ဂုဏ်ယူဖွယ် သမိုင်းအထောက်အထားများနှင့်ဖြတ်သန်းလာခဲ့သည်ကိုတွေ့ကြရမည်ဖြစ်ကြောင်း၊ ၁၉၂၀ ပြည့်နှစ် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုကာလကတည်းက ပေါ်ပေါက်ခဲ့သည့် မြန်မာ့ရုပ်ရှင်သမိုင်းသည် ယခုဆိုပါက နှစ်ပေါင်း (၁၀၅)နှစ် တိုင်ခဲ့ပြီဖြစ်ကြောင်း။

ထိုကဲ့သို့ နှစ်(၁၀၀)ကျော်ကာလ သမိုင်းမှတ်တမ်းများနှင့် လှုပ်ရှားသက်ဝင်နေသည့် မြန်မာ့ရုပ်ရှင်သည် ခေတ်စနစ်အမျိုးမျိုးကြား၌ ပြည်သူများကို အပန်းဖြေပျော်ရွှင်စေပြီး ရသမျိုးစုံကို မျှဝေပေးနိုင်ခဲ့ရုံသာမက နိုင်ငံတော်၏ အရေးပါသည့် အခန်းကဏ္ဍများ၊ နိုင်ငံ၏ ပကတိအခြေအနေများကို အနုပညာဖြင့် ထင်ဟပ်ဖော်ပြအကျိုးပြုနိုင်ခဲ့သည့်အတွက် နိုင်ငံနှင့် ပြည်သူအပေါ် တာဝန်ကျေခဲ့သည်ဟု ပြောရမည်ဖြစ်ကြောင်း။

ရုပ်ရှင်အပါအဝင်အနုပညာရှင်များသည်လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် တိုင်းရင်းသား ပြည်သူများ၏ စိတ်ဓာတ်ကို တိုင်းချစ်ပြည်ချစ်စိတ် ထက်သန်ရေး၊ ဝံသာနုရက္ခိတတရား ထွန်းကားရေး၊ ဇာတိသွေးဇာတိမာန် တက်ကြွရေးနှင့် စည်းလုံးညီညွတ်ရေးတို့အတွက် မိမိတို့ တတ်စွမ်းထားသည့် အနုပညာနှင့် စည်းရုံးလှုံ့ဆော်ပေးခဲ့ကြကြောင်း၊ လွတ်လပ်ရေးရပြီးနောက်ကာလတွင်လည်း

> **နှစ်(၁၀၀)ကျော်ကာလ သမိုင်း မှတ်တမ်းများနှင့် လှုပ်ရှားသက်ဝင်နေသည့် မြန်မာ့ရုပ်ရှင်သည် ခေတ်စနစ်အမျိုးမျိုး ကြား၌ ပြည်သူများကို အပန်းဖြေပျော်ရွှင် စေပြီး ရသမျိုးစုံကို မျှဝေပေးနိုင်ခဲ့ရုံသာမက နိုင်ငံတော်၏ အရေးပါသည့် အခန်းကဏ္ဍများ၊ နိုင်ငံ၏ ပကတိအခြေအနေများကို အနုပညာဖြင့် ထင်ဟပ်ဖော်ပြအကျိုးပြုနိုင်ခဲ့ သည့်အတွက် နိုင်ငံနှင့် ပြည်သူအပေါ် တာဝန်ကျေခဲ့သည်ဟု ပြောရမည်၊ ရုပ်ရှင်အပါအဝင် အနုပညာရှင်များသည် လွတ်လပ်ရေး ကြိုးပမ်းမှုကာလတွင် တိုင်းရင်းသား ပြည်သူများ၏ စိတ်ဓာတ်ကို တိုင်းချစ်ပြည်ချစ်စိတ် ထက်သန်ရေး၊ ဝံသာနုရက္ခိတတရား ထွန်းကားရေး၊ ဇာတိသွေးဇာတိမာန် တက်ကြွရေးနှင့် စည်းလုံးညီညွတ်ရေးတို့အတွက် မိမိတို့ တတ်စွမ်းထားသည့် အနုပညာနှင့် စည်းရုံးလှုံ့ဆော်ပေးခဲ့၊ လွတ်လပ်ရေးရပြီးနောက်ကာလတွင်လည်း ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးတို့ကို အနုပညာစွမ်းအားဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်ခဲ့။**

ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အနုပညာစွမ်းအားဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း။

**တိုက်တွန်းမှာကြား**

ယင်းတို့သည် နိုင်ငံအတွက် အကျိုးပြုခဲ့သည့် သမိုင်းအစဉ်အလာကောင်း မှတ်တမ်းမော်ကွန်းများပင်ဖြစ်ကြောင်း၊ ယနေ့အခြေအနေတွင် ထိုကဲ့သို့အကျိုးပြုခဲ့သည့် အစဉ်အလာများကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ရှေးရှုဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေမည့်အကြောင်းတရားများအနက် ယဉ်ကျေးမှုကဏ္ဍသည် အရေးကြီးသည့်ကဏ္ဍတစ်ရပ်အဖြစ် ပါဝင်သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း (၁၀၀)ကျော် မှီတင်းနေထိုင်ကြပြီး မတူကွဲပြားသည့် ယဉ်ကျေးမှု အမွေအနှစ် စုံစုံလင်လင်ရှင်သန်တည်ရှိနေကြကြောင်း၊ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်နှင့် ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်ဟူသည့် နယ်ပယ်နှစ်ခုနှင့် ခွဲခြားသိမြင်ထားကြကြောင်း၊ ခြုံ၍အဓိပ္ပာယ်ဖွင့်ရမည်ဆိုပါက ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ဟူသည်မှာ လူမျိုးတစ်မျိုး၏ ပြောဆိုသည့် ဘာသာစကား၊ အတွေးအခေါ်၊ ဓလေ့စရိုက်၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ကိုးကွယ်ယုံကြည်မှုနှင့် ရိုးရာဓလေ့ထုံးစံများ၊ လက်မှုအနုပညာနှင့် အနုသုခုမပညာများကို ပေါင်းခြုံထားသည့် ယဉ်ကျေးမှုပင်ဖြစ်ပြီး ဒြပ်ရှိယဉ်ကျေးမှု အမွေအနှစ်သည် လူမျိုးတစ်မျိုး၏ ပြုလုပ်သုံးစွဲခဲ့သည့် ကိုင်တွယ်ထိတွေ့၍ရသည့် ပစ္စည်းအားလုံးဟု မှတ်ယူရမည်ဖြစ်ကြောင်း။

**စဉ်ဆက်မပြတ်ကြိုးပမ်းလုပ်ဆောင်ရမည်**

၁၉ ကြိမ်မြောက် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ညီလာခံတွင် မိမိတို့နိုင်ငံ၏ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ်သတ်မှတ်ခံခဲ့ရကြောင်း၊ဆက်လက်၍လည်း မြန်မာ့သနပ်ခါးကို ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ်သတ်မှတ်ခံရနိုင်ရေးအတွက် ယူနက်စကို ကိုတင်ပြရန်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မိမိတို့၏ တန်ဖိုးရှိသည့်ရှိပြီးသား အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို လူသားအားလုံးနှင့် သက်ဆိုင်သည့် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များအဖြစ် သမိုင်းမှတ်တမ်းထားရှိနိုင်ရေး စဉ်ဆက်မပြတ် ကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်သကဲ့သို့ အောင်မြင်မှုရရှိစေရေးအတွက်လည်း မြန်မာနိုင်ငံသူ/နိုင်ငံသားအားလုံးက ဝိုင်းဝန်းကြိုးပမ်းဖော်ဆောင်ပေးကြရန် အလေးအနက်တိုက်တွန်း ပြောကြားလိုကြောင်း။

တစ်ဆက်တည်းပြောကြားလိုသည်မှာ အနုပညာတစ်ရပ်က ဆင့်ပွားပေးလိုက်သည့် အကြောင်းတရားများသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုတန်ဖိုးကို ပြသရာရောက်သည့်အတွက် ရုပ်ရှင်အနုပညာသည် အင်မတန်အရေးပါ အရာရောက်ကြောင်း၊ အနုပညာ၊ အတတ်ပညာနှင့် နည်းပညာများပေါင်းစပ်ပါဝင်နေသည့် ရုပ်ရှင်သည် ပြည်သူလူထု၏ ရင်ထဲနှလုံးသားထဲကို ညင်ညင်သာသာနှင့် ထိထိရောက်ရောက် ဩဇာလွှမ်းမိုးနိုင်သည့် သက်ရောက်မှုကြီးမားသည့် မီဒီယာ Soft Power တစ်ခုဖြစ်ကြောင်း။

ထို့ကြောင့် ရုပ်ရှင်အနုပညာနှင့် အသက်မွေးဝမ်းကျောင်းပြုနေကြသည့် ရုပ်ရှင်ထုတ်လုပ်သူများ၊ အတတ်ပညာရှင်များ၊ သရုပ်ဆောင်များအားလုံး၏ အခန်းကဏ္ဍသည်လည်း အလွန်အရေးပါသည်ဟု ပြောကြားလိုကြောင်း၊ ရုပ်ရှင်ဇာတ်ကားကောင်းတစ်ခု ဖြစ်ပေါ်လာရေးသည် တစ်ဦးတစ်ယောက်တည်း၏ လုပ်ဆောင်မှုဖြင့်မရကြောင်း၊ ဇာတ်ပို့၊ ဇာတ်ဆောင်၊ သရုပ်ဆောင်အမျိုးမျိုး၊ ဝတ္ထု၊ ဇာတ်လမ်း၊ ဇာတ်ညွှန်း၊ အသံ၊ ဓာတ်ပုံ၊ တေးဂီတ၊ မီးအလင်းအမှောင်၊ အထူးပြုလုပ်သူ၊ မိတ်ကပ်ကအစ နောက်ဆုံးဒါရိုက်တာ၏ အဓိကဦးဆောင်မှုဖြင့် စုပေါင်းညီညာမှသာဖြစ်လာခြင်းဖြစ်ပြီး စုပေါင်းအားကို ပေါ်လွင်နေကြောင်း၊ တစ်ဦးချင်းမည်မျှကောင်းသည်ဖြစ်စေ စုပေါင်းအားမပါပါက ဇာတ်ကားကောင်းတစ်ခုဖြစ်မလာနိုင်ကြောင်း၊ ရုပ်ရှင်ဇာတ်ကားကောင်းတစ်ခုသည် ကြည့်ရှုသူကို ရင်ထဲစွဲကျန်စေသည်၊ ရိုက်ခတ်စေသည်၊ တသသဖြစ်စေသည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် မိမိတို့ခေတ်ကာလတွင် ပြသခဲ့သည့် ဘယ်သူပြိုင်လို့ လုပါတော့နိုင်၊ မုံရွေရည်၊ သင်္ကြန်မိုးတို့ကဲ့သို့ ဇာတ်ကားမျိုးသည် မည်သည့်အချိန်ပြန်ကြည့်ရသည်ဖြစ်စေ မရိုးနိုင်အောင် စွဲမြဲနေသည့် ဇာတ်ကားမျိုး၊ အတုယူဖွယ်ရာ ဇာတ်ကားမျိုး၊ တသသဖြစ်နေရသည့် ဇာတ်ကားမျိုးများဖြစ်ကြောင်း၊အခြားဇာတ်ကားကောင်း

များစွာလည်းရှိကြကြောင်း၊ ထိုကဲ့သို့ ပြည်သူ့ရင်ထဲ စွဲမြဲပြီး အကျိုးပြုစေမည့် ဇာတ်ကားမျိုးဖန်တီးပေးကြစေလိုကြောင်း၊ မိမိတို့နိုင်ငံနှင့် လူမျိုးကို နိုင်ငံတကာက ပိုမိုသိရှိလာအောင်၊ ရင်းနှီးခင်မင်လာအောင်၊ အနုပညာနည်းလမ်းနှင့် ဖြန့်ဝေပေးနိုင်အောင်၊ နိုင်ငံတော်တည်ဆောက်ရေးတွင်လည်း ပြည်သူလူထု၏ အတွေးအခေါ်၊ အယူအဆများ မှန်ကန်လာစေရေးနှင့် နိုင်ငံအကျိုးအတွက် ပြည်သူတစ်ရပ်လုံးပါဝင်လာအောင် နှိုးဆော်တိုက်တွန်းရာတွင် ထိရောက်သည့်အနုပညာစွမ်းပကားဖြင့်ဆောင်ရွက်ပေးကြစေလိုကြောင်း။

အားလုံးသိကြသည့်အတိုင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် “ရှေ့သို့ချီမည် ပန်းတိုင်ဆီ” ဟူသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံ့အကျိုး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးကိုရှေးရှုပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိကြောင်း။

ကမ္ဘာကြီး၏ မျက်မှောက်အခြေအနေအရဖြစ်စေ၊ မိမိတို့နိုင်ငံ၏ ပကတိအခြေအနေအရဖြစ်စေ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးသည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည်ကို နိုင်ငံသားအားလုံးက နားလည်လက်ခံကြရန် အထူးပင်လိုအပ်ကြောင်း၊ ယနေ့အချိန်တွင် နိုင်ငံတော်အစိုးရသည် ဒို့တာဝန်အရေးသုံးပါးကို အရင်းမူလထားပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည့်အတွက် မြန်မာနိုင်ငံသားအားလုံးက မြန်မာစိတ်မွေးပြီး “ငါတို့အားလုံးက မြန်မာ (We are Myanmar)”ဟူသည့်စိတ်၊ တစ်သွေးတစ်သားတည်းဟူသည့် စည်းလုံးညီညွတ်သည့် အမျိုးသားရေးစိတ်ဓာတ်များဖြင့် နိုင်ငံတော်ကြီးအေးချမ်းသာယာစေရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက်အတူတကွလက်တွဲအကောင်အထည်ဖော်ပေးကြရန် လိုအပ်ကြောင်း။

**အနုပညာဖန်တီးမှုများကို ဖော်ဆောင်**

ယင်းနေရာတွင် သတိပြုရမည့်အချက်အနေဖြင့် ဘာသာရေး၊ အမျိုးသားယဉ်ကျေးမှုနှင့် စည်းလုံးညီညွတ်မှုပျက်ပြားစေပြီး လူငယ်လူရွယ်များကို အတွေးအခေါ်အယူအဆမှားယွင်းအောင်၊ စိတ်ဓာတ်များ ဆုတ်ယုတ်ပျက်ပြားလာအောင် လူမှုကွန်ရက်များနှင့် ကျင့်ဝတ်မဲ့မီဒီယာများကတစ်ဆင့် လုပ်ဆောင်နေမှုများပင်ဖြစ်ကြောင်း၊ ယင်းတို့သည် နိုင်ငံအကျိုးပျက်စီးစေမည့် ကြံဆောင်မှုများဖြစ်သဖြင့်လျှော့နည်းပပျောက်အောင်ကာကွယ်စောင့်ရှောက်ကြရန်လိုအပ်ကြောင်း၊ ရုပ်ရှင်သည် ပြည်သူ့အတွက်ဆိုသည့်အတိုင်း ရုပ်ရှင်အနုပညာရှင်များကလည်း နိုင်ငံနှင့်လူမျိုး ကောင်းရာကောင်းကြိုးဖော်ဆောင်နိုင်မည့် နိုင်ငံ့အကျိုးပြု အနုပညာဖန်တီးမှုများကို ဖော်ဆောင်ပေးကြရန်တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့အချိန်တွင် နိုင်ငံတော်အစိုးရသည် စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို တိုးတက်ထုတ်လုပ်နိုင်အောင် စီမံဆောင်ရွက်လျက်ရှိကြောင်း၊စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည်နိုင်ငံတော်အတွက် အရေးကြီးသောကြောင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများဖြစ်သည့် MSME ကဏ္ဍတိုးတက်အောင် တိုက်တွန်းအားပေးအကောင်အထည်ဖော်လျက်ရှိကြောင်း၊တိုင်းပြည်သာယာဝပြောစေရေး မြေကြီးကရွှေသီးအောင်လုပ်ကြရမည်ဖြစ်ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများကိုလည်း အားပေးကြရမည်ဖြစ်ကြောင်း၊ မိမိတို့အလုပ်လုပ်မှ မြေကြီးကရွှေသီးမည်ဖြစ်ကြောင်း၊လတ်တလောဥပြင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲများကို နေပြည်တော်၊ တပေါင်းကွင်းတွင် ယခုလ ၁၀ ရက်မှ ၁၄ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရည်မှန်းချက်များ အောင်မြင်စေရေး အနုပညာရှင်များ၏ ပူးပေါင်းပါဝင်မှုအခန်းကဏ္ဍက ပိုမိုထိရောက်စေနိုင်သည်ဖြစ်သဖြင့် အနုပညာနယ်ပယ်အသီးသီးက တစ်ဖက်တစ်လမ်းက ပေါင်းစပ်ပံ့ပိုးကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ထူးချွန်သည့် အနုပညာရှင်လူငယ်များ ပေါ်ထွန်းလာခြင်းကိုလည်း ကြိုဆိုကြောင်း၊ လူငယ်များသည် အနာဂတ်အတွက်ဖြစ်ကြောင်း။

မိမိအနေဖြင့် နှစ်စဉ်တိုက်တွန်းပြောကြားခဲ့သည့်

စကားတစ်ခွန်းကို ယခုနှစ်တွင်လည်း ပြန်လည်တိုက်တွန်းပြောကြားလိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်စသည့် နယ်ပယ်ကဏ္ဍအသီးသီး၌ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဖြစ်သင့်ဖြစ်ထိုက်သည့် ကူညီပံ့ပိုးမှုများကို တတ်နိုင်သမျှ ပံ့ပိုးကူညီပေးလျက်ရှိကြောင်း၊ ဆက်လက်၍လည်း အားပေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ယခုနှစ်အတွက် ထူးချွန်ဆုရရှိသည့် အနုပညာရှင်များအနေဖြင့် အနုပညာလုပ်ငန်းများကို ဆက်လက်အောင်မြင်တိုးတက်စေရေးအတွက် အင်အားများ ပိုမိုရရှိစေပြီး မိမိတို့၏ အနုပညာအလုပ်များကို ပိုမိုအားထုတ်ကြိုးပမ်းသွားကြမည်ဟု ယုံကြည်မျှော်လင့်ကြောင်း။

အလားတူ ထူးချွန်ဆုမရရှိသေးသည့် အနုပညာရှင်များအနေဖြင့်လည်း လာမည့်နှစ်ကာလများတွင် မိမိတို့၏ အနုပညာစွမ်းပကားများကို မြှင့်တင်ပြီး ထူးချွန်ဆုများရရှိအောင် ကြိုးစားကြရန် တိုက်တွန်းလိုကြောင်း၊ အထူးမေတ္တာရပ်ခံလိုသည်မှာ မြန်မာ့ဓလေ့စရိုက်များ မမေ့မှိန်၊ မပျောက်ပျက်စေရေး၊ တိုင်းတစ်ပါး ယဉ်ကျေးမှုဓလေ့စရိုက်လွှမ်းမိုးလာမှုကို ကာကွယ်တားဆီးပေးကြရန်၊ မိမိတို့ယဉ်ကျေးမှုများကို အရိုးပေါ်အရွက်မဖုံးစေရန်နှင့် ပြောင်းလဲလာနေသည့် ခေတ်ရေစီးကြောင်းပေါ်တွင် လိုက်လျောညီထွေစွာ လိုက်ပါပြီး နိုင်ငံနှင့် လူမျိုးအကျိုးအတွက် မိမိတို့တတ်ကျွမ်းသည့် အနုပညာကိုအခြေတည်ပြီး အမျိုးသားရေးစိတ်ဓာတ်ဖြင့် အကျိုးရှိအောင် ဖော်ဆောင်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

■ ■ ■

# တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအား တွေ့ဆုံစဉ်ပြောကြားသည့် အမှာစကား

( ၁၁ - ၂ - ၂၀၂၅ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည်ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအား ဖေဖော်ဝါရီလ ၁၁ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမဆောင်၌ တွေ့ဆုံအမှာစကားပြောကြားပြီး အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေများပေးအပ်သည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကုန်သွယ်မှုလုပ်ငန်းများမှ နိုင်ငံခြားငွေရရှိရေးကြိုးပမ်း**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် နိုင်ငံတော်တွင်ဖြစ်ပေါ်နေသည့် အခြေအနေများအရ တာဝန်ထမ်းဆောင်ခွင့်ကို ၆ လ သက်တမ်း ထပ်မံတိုးမြှင့်ခဲ့ရကြောင်း၊ ယခု ၆ လတာကာလအတွင်း တည်ငြိမ်အေးချမ်းမှုရှိစေရေး အလေးထားဆောင်ရွက်သွားရမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်လည်း မိမိတို့တာဝန်ယူထားရသည့် ဒေသများအလိုက် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံ့ဝန်ထမ်းများ အခက်အခဲမရှိစေရေး လစာနှင့် ထောက်ပံ့ကြေးများကို တိုးမြှင့်ပေးခဲ့ကြောင်း၊ ပြည်တွင်းနိုင်ငံခြားငွေအခက်အခဲများနှင့် ထုတ်လုပ်မှု ကုန်ကျစရိတ် ကြီးမြင့်ခြင်းတို့ကြောင့် ကုန်ဈေးနှုန်းများ ကြီးမြင့်ရခြင်းဖြစ်ကြောင်း၊ ကုန်သွယ်မှုနှင့်ပတ်သက်၍ ကုန်သွယ်မှုကြောင့် နိုင်ငံပိုင် နိုင်ငံခြားငွေများရရှိသကဲ့သို့ Non trade များမှလည်း နိုင်ငံခြားငွေများရရှိကြောင်း၊ ယခင် ဒီမိုကရေစီအစိုးရသက်တမ်းနှစ်ခုတွင် ကုန်သွယ်မှုမှ နိုင်ငံခြားငွေလိုအပ်မှုမှာ ၂၄ ဘီလီယံကျော်ခန့်ရှိကြောင်း၊ လိုအပ်သည့် နိုင်ငံခြားငွေများကို အခြားပြည်ပချေးငွေများ၊ ထောက်ပံ့ငွေများနှင့် Non trade များမှ ရရှိသည့်ငွေများဖြင့် ဖြည့်ဆည်းဆောင်ရွက်ခဲ့ကြကြောင်း၊ မိမိတို့တာဝန်ယူထားရသည့် ကာလအတွင်း နိုင်ငံခြားချေးငွေများ မရရှိကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုများ တိုးတက်စေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ CMP လုပ်ငန်းများမှလည်း နိုင်ငံခြားငွေများရရှိကြောင်း၊ အခြားနိုင်ငံများတွင် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်သူများထံမှ နိုင်ငံခြားငွေများလည်းရရှိကြောင်း၊ သို့သော် မိမိတို့နိုင်ငံတွင် ရသင့်သလောက်ရရှိမှုမရှိသည်ကို တွေ့ရသဖြင့် ပိုမိုတိုးတက်ရရှိရေး မိမိတို့အနေဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများမှ နိုင်ငံခြားငွေများ ပိုမိုတိုးတက်ရရှိစေရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

**စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်**

နိုင်ငံတစ်ခု၏ဖွံ့ဖြိုးတိုးတက်မှုကို GDP ဖြင့် တိုင်းတာကြပြီး မိမိတို့နိုင်ငံ၏ GDP သည် အာဆီယံနှင့် ဒေသတွင်းနိုင်ငံများထက် နည်းပါးလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံ့ GDP တိုးတက်ရေးအတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးဟူ၍ ကဏ္ဍကြီးသုံးရပ်ရှိပြီး နိုင်ငံ၏ အဓိက လုပ်ငန်းရပ်ဖြစ်သည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီး၌ပင် အခြားနိုင်ငံများထက် ထုတ်လုပ်မှုစွမ်းရည်မှာ အားနည်းနေသေးသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှု တိုးတက်စေရေး အားပေးဆောင်ရွက်မှသာ နိုင်ငံ၏ GDP မှာလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားနိုင်မည်ဆိုပါက ကုန်ဈေးနှုန်းများလည်း ထိုက်သင့်သလောက် ကျဆင်းသွားမည်ဖြစ်ကြောင်း၊ တိုင်းပြည်သာယာဝပြောစေရေး မြေကြီးကရွှေသီးအောင်လုပ်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့အလုပ်လုပ်မှ မြေကြီးကရွှေသီးမည်ဖြစ်သဖြင့် အမှန်တကယ် အလုပ်လုပ်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားနိုင်မည်ဆိုပါက ကုန်ဈေးနှုန်းများလည်း ထိုက်သင့်သလောက် ကျဆင်းသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်မှသာလျှင် ပို့ကုန်ကဏ္ဍတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံခြားဝင်ငွေသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံအတွင်း ဖြစ်ထွန်းအောင်မြင်ပြီး ပြည်ပဈေးကွက် လိုအပ်ချက်ရှိသည့် ဆန်၊ ပြောင်း၊ ကော်ဖီတို့ကို တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် တိရစ္ဆာန်အစာများဖြင့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြောင်းကုန်ကြမ်းများကို ပြည်ပသို့တင်ပို့မည့်အစား အရည်အသွေးမြင့်ပြောင်းထုတ်ကုန်များထုတ်လုပ်ခြင်း၊ ဘေးထွက်ပစ္စည်းများကို တိရစ္ဆာန်အစာအဖြစ် အသုံးပြုခြင်းတို့ကို ဆောင်ရွက်နိုင်ကြောင်း၊ ပဲနှင့်ပတ်သက်၍လည်း အလားတူဆောင်ရွက်၍ရနိုင်မည်ဖြစ်ကြောင်း၊ ဆန်ထုတ်လုပ်မှုမှ ဆန်ကွဲနှင့်ဖွဲများကိုလည်း မွေးမြူရေးလုပ်ငန်းများအတွက် အကျိုးရှိရှိ အသုံးချသွားရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသည် တစ်ခုနှင့်တစ်ခု အပြန်အလှန်ဆက်စပ်လျက်ရှိသဖြင့် အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ပတ်သက်သည့် အခြေခံအချက်အလက် ကိန်းဂဏန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အတတ်နိုင်ဆုံး မှန်ကန်မှုရှိစေရေး စာရင်းကောက်ယူဆောင်ရွက်သွားရန်လိုပြီး ယင်းအခြေခံ အချက်အလက်များနှင့် ဒေသတွင်း စားရေးလိုအပ်ချက်များအပေါ် မူတည်၍ စိုက်ပျိုးရေး၊ မွေးမြူရေးစီမံချက်များကို ချမှတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူစိုက်ပျိုးရေးအတွက် လိုအပ်သည့်ရေများ လုံလောက်စွာရရှိစေရေး သဲချောင်းများ၌ မြေအောက်တမံများ တည်ဆောက်ခြင်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုးရေးလုပ်ငန်းများကို များစွာအကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက်

တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် စီမံချက်များ ရေးဆွဲတင်ပြဆောင်ရွက်သွားရန်လိုကြောင်း၊ ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီရေးနှင့် သီးထပ်စွမ်းအားများ တိုးတက်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆောင်ရွက်သွားကြရန်လိုကြောင်း။

**လမ်းပန်းဆက်သွယ်ရေး လုံခြုံမှုအထူးအလေးထား**

နေရေးလုံခြုံမှုနှင့်ပတ်သက်၍ ကမ္ဘာပေါ်တွင် ရာနှုန်းပြည့်လုံခြုံရေးဟူ၍ မည်သည့်နိုင်ငံတွင်မျှ မရရှိနိုင်ကြောင်း၊ ရာဇဝတ်မှုများ၊ လုံခြုံရေးကျိုးပေါက်မှုများသည် နိုင်ငံတိုင်း၌ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ်မှစ၍ ပြည်သူ့လုံခြုံရေးစနစ်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်တွင် နိုင်ငံသားတိုင်းအနေဖြင့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိကြပြီး ယင်းတာဝန်များကိုထမ်းဆောင်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍ အဓိကဆောင်ရွက်ရမည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များဖြစ်ပြီး သက်ဆိုင်ရာနယ်မြေဒေသအလိုက် ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း၊ စွမ်းရည်စွမ်းအားရှိသည့် ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူက အားကိုးရသည့် ရဲတပ်ဖွဲ့ဝင်များ ဖြစ်ရန်လိုပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်လည်း ၎င်းတို့၏ တာဝန်ထမ်းဆောင်မှုများအပေါ် လိုအပ်သည်များ အားပေးထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ နေရာဒေသအလိုက် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးအတွက် မှန်မှန်ကန်ကန်ဖြင့် တာဝန်ပေးအပ်နိုင်ရေး၊ မိမိတို့ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဒေသ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ဒေသအလိုက်ရှိပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထုတို့ အတူတကွလက်တွဲ၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

သွားလာရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုံခြုံမှုအပိုင်းနှင့်ပတ်သက်၍ အကြမ်းဖက်အဖွဲ့များအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏အလစ်အငိုက်ကို အခွင့်ကောင်းယူ၍ အများပြည်သူအသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများပေါ်၌ အကြမ်းဖက်မှုကို ကျူးလွန်လျက်ရှိကြောင်း၊ ထို့ကြောင့် ဒေသအလိုက် နယ်မြေစိုးမိုးမှုနှင့် လမ်းပန်းဆက်သွယ်ရေးလုံခြုံမှုကို အထူးအလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း၊ လမ်းပန်းဆက်သွယ်ရေးလုံခြုံမှုမရှိခြင်းကြောင့် ကုန်စည်စီးဆင်းမှုများကို ထိခိုက်စေနိုင်မည်ဖြစ်ပြီး စားရေးသောက်ရေးနှင့် လူမှုစီးပွားဘဝများလည်း ထိခိုက်စေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် သွားလာမှုနှင့် လမ်းပန်းဆက်သွယ်ရေးလုံခြုံမှုကို အထူး

> နိုင်ငံတော်တွင် နိုင်ငံသားတိုင်းအနေဖြင့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိကြပြီး ယင်းတာဝန်များကို ထမ်းဆောင်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော် ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်း ဆောင်ရွက်လျက်ရှိ၊ လုံခြုံရေးနှင့် ပတ်သက်၍ အဓိကဆောင်ရွက်ရမည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များဖြစ်ပြီး စွမ်းရည်စွမ်းအားရှိသည့် ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူက အားကိုးရသည့် ရဲတပ်ဖွဲ့ဝင်များ ဖြစ်ရန်လိုပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ၎င်းတို့၏ တာဝန် ထမ်းဆောင်မှုများအပေါ် အားပေးထောက်ပံ့ခြင်းတို့ ဆောင်ရွက်ပေးသွားရန်လို။

အလေးထား ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

**MSME ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်**

ယမန်နေ့က ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဝန်ကြီးချုပ်များအနေဖြင့် တစုတစည်းတည်း ဆုံစည်းခဲ့ကြကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ထုတ်ကုန်များကို တစ်စုတစ်စည်းတည်းတွေ့ရှိရပြီး အားသာချက်၊ အားနည်းချက်များ၊ ဒေသအလိုက် ဆောင်ရွက်ချက်များကို တွေ့မြင်သိရှိနိုင်သည့် တန်ဖိုးအရှိဆုံးသော အကြီးအကျယ်ဆုံးသော အခွင့်အရေးပင်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ MSME လုပ်ငန်းများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတိုးပွားလာစေပြီး ကုန်ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်၌ ဒေသတစ်ခု၏ လိုအပ်ချက်ကို အခြားဒေသမှ ဖြည့်ဆည်းလာရန်နှင့် အားသာချက်၊ အားနည်းချက်များကို သိမြင်ဖော်ထုတ်လာစေနိုင်မည်ဖြစ်ပြီး ပြည်ပသို့ဈေးကွက်ချဲ့ထွင်နိုင်ရန်အတွက် MSME လုပ်ငန်းများနှင့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများ ပိုမိုချိတ်ဆက်ပူးပေါင်းဆောင်ရွက်လာစေနိုင်မည်ဖြစ်ကြောင်း။

MSME လုပ်ငန်းများအတွက်လိုအပ်သည့် ပညာတတ်လူသားအရင်းအမြစ်များ ရရှိစေရေး Polytechnic တက္ကသိုလ်များ၊ စိုက်ပျိုးမွေးမြူရေးနှင့် နည်းပညာအထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားလျက်ရှိသကဲ့သို့ စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရင်းနှီးမတည်ငွေများထုတ်ပေးရာတွင်လည်း သတ်မှတ်ထားသည့်စည်းကမ်းများနှင့် အညီဆောင်ရွက်ပေးရန်လိုကြောင်း။

ပညာရေးမြှင့်တင်မှုလုပ်ငန်းများကို အထောက်အကူဖြစ်စေရန်အတွက် စာသင်ကျောင်းများ ကျောင်းအင်္ဂါရပ်များနှင့်အညီဖြစ်စေရေးအတွက် ပိုလျှံဘဏ္ဍာငွေများဖြင့် သတ်မှတ်ထားသည့်ဘဏ္ဍာရေးကာလအတွင်းဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ ပြည်သူ့ဆေးရုံများအတွက် လိုအပ်သည့် အဆောက်အအုံများ၊ ခြံစည်းရိုးများကိုလည်း တည်ဆောက်ပေးသွားရန်လိုကြောင်း၊ လုံခြုံရေးဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများ နေထိုင်မှုအဆင်ပြေစေရေးအတွက် ဝန်ထမ်းလိုင်းခန်းများ ပြည့်စုံစွာရှိစေရေး အလေးထားဆောင်ရွက်ပေးရန်လိုကြောင်း၊ ဘတ်ဂျက်ငွေသုံးစွဲမှုနှင့် ပတ်သက်၍ Quick Win ဖြစ်နိုင်သည့်လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားကြရန်လိုကြောင်း။

**ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်**

လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မိမိတို့အနေဖြင့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မဲဆန္ဒရှင်စာရင်းများ မှန်ကန်မှုရှိစေရေး ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အကြောင်းအမျိုးမျိုးကြောင့် နေရပ်ရွှေ့ပြောင်းလာသူများရှိသည်ကိုလည်း တွေ့ရှိရကြောင်း၊ အဆိုပါနေရပ်စွန့်ခွာရွှေ့ပြောင်းလာသူများ၏ စာရင်းများကို မှန်ကန်စွာဖြစ်စေရေး သက်ဆိုင်ရာအုပ်ချုပ်မှုဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်နေရန်လိုကြောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍ လူဦးရေစာရင်းများ မှန်မှန်ကန်ကန်ရရှိရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများအနေဖြင့် ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် ဥပဒေများကို စေ့စပ်ကျယ်ပြန့်စွာ လေ့လာထားရန်လိုကြောင်း၊ နိုင်ငံရေးပါတီများမှလည်း လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် လွှတ်တော် ၃ ရပ် အတွက် ရွေးကောက်တင်မြှောက်မှုများကို ဥပဒေနှင့်အညီဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ အကြမ်းဖက်မှု၊ လက်နက်ကိုင်သောင်းကျန်းမှုဖြစ်ပွားခြင်းကြောင့် ပြည်သူများ၏ဆုံးရှုံးမှုများသည်လည်း သဘာဝဘေးအန္တရာယ်သတ်မှတ်ချက်များတွင် အကျုံးဝင်သောကြောင့်နိုင်ငံတော်အနေဖြင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ချီးမြှင့်ငွေများကို တစ်ဦးလျှင် တစ်လငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ လစဉ်ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ သဘာဝဘေးစီမံခန့်ခွဲမှု ရန်ပုံငွေစာရင်းအမှတ်များသို့

လွှဲအပ်ပေးသွားမည်ဖြစ်ကြောင်း၊ ချီးမြှင့်ငွေများ ပေးအပ်ရာတွင် သက်ဆိုင်ရာနယ်မြေများအလိုက် ယာယီနေရပ်စွန့်ခွာနေရသူများ အားလုံးပါဝင်မှုရှိစေရေး၊ စာရင်းတွင်မပါဝင်ဘဲ ကျန်နေခဲ့ရသူများ မရှိစေရေး၊ စနစ်တကျ ထိထိရောက်ရောက်ချီးမြှင့်ပေးအပ်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယခုကောက်ယူရရှိထားသည့်စာရင်းတွင်မပါဝင်ဘဲ ထပ်မံကောက်ယူရရှိလာမည့် ယာယီနေရပ်စွန့်ခွာနေရသူများ၏ စာရင်းကိုလည်း စိစစ်ကောက်ယူ၍ ထပ်မံတင်ပြတောင်းခံသွားရန်နှင့် စနစ်တကျ စိစစ်ချီးမြှင့်ပေးသွားရန်လိုကြောင်း။

**နွေရာသီကျောင်းပိတ်ရက်ကာလနှင့် ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် အားလပ်ရက်ကို အကျိုးရှိရှိ အသုံးချနိုင်ရေး ဆောင်ရွက်ပေးသွားရန်၊ သင်ယူခဲ့ပြီးဖြစ်သည့် သင်ခန်းစာများအား ပြန်လည်ဖတ်မှတ် လေ့လာစေခြင်း၊ အင်္ဂလိပ်စာ၊ ကွန်ပျူတာတို့ကဲ့သို့ ၎င်းတို့ကို အကျိုးဖြစ်စေနိုင်မည့် အခြေခံသင်တန်းများကို ဖွင့်လှစ်သင်ကြားစေခြင်းများကို စီစဉ်ဆောင်ရွက်ပေးသွားရန်၊ ကျောင်းပိတ်ရက်ကာလအတွင်း ပညာရေးဝန်ထမ်းများ၏ အရည်အသွေး ပိုမိုကောင်းမွန်စေရေးအတွက် မွမ်းမံသင်တန်းပို့ချပေးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊ ကျောင်းနေအရွယ်ကလေးတိုင်း KG+9 အထိ ပညာသင်ကြားရေး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် တာဝန်ရှိသူများအား ပြန်လည်ဆွေးနွေးမှာကြားခြင်းနှင့် အကောင်အထည်ဖော်ခြင်းများကို ဆောင်ရွက်သွားရန်လို။**

**နွေရာသီကျောင်းပိတ်ရက်ကာလကို အကျိုးရှိရှိ အသုံးချ**

နွေရာသီကျောင်းပိတ်ရက်ကာလနှင့်ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အားလပ်ရက်ကို အကျိုးရှိရှိအသုံးချနိုင်ရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ သင်ယူခဲ့ပြီးဖြစ်သည့် သင်ခန်းစာများအား ပြန်လည်ဖတ်မှတ်လေ့လာစေခြင်း၊ အင်္ဂလိပ်စာ၊ ကွန်ပျူတာတို့ကဲ့သို့ ၎င်းတို့ကို အကျိုးဖြစ်စေနိုင်မည့် အခြေခံသင်တန်းများကို ဖွင့်လှစ်သင်ကြားစေခြင်းများကို စီစဉ်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ကျောင်းပိတ်ရက်ကာလအတွင်း ပညာရေးဝန်ထမ်းများ၏ အရည်အသွေး ပိုမိုကောင်းမွန်စေရေးအတွက် မွမ်းမံသင်တန်းပို့ချပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း KG+9 အထိ ပညာသင်ကြားရေးစနစ်အဖြစ် ဖော်ဆောင်ထားခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ယခုမှာကြားချက်များအား ပြန်လည်ရောက်ရှိချိန်တွင် တာဝန်ရှိသူများအား ပြန်လည်ဆွေးနွေးမှာကြားခြင်းနှင့်အကောင်အထည်ဖော်ခြင်းများကိုဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ ရေနံစိမ်းတိုးမြှင့်ထုတ်ယူနိုင်ရေးကိစ္စများ၊ ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူမှုနှင့် ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိုက်ပျိုးမွေးမြူရေး မြေအဖြစ် သုံးစွဲရန် မသင့်လျော်သည့် နေရာများ၊ မြေလွတ်မြေရိုင်းနေရာများကို စိစစ်ဖော်ထုတ်ထားရန်လိုကြောင်း၊ အဆိုပါမြေနေရာများတွင် ဆိုလာလျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်နိုင်ရေး နိုင်ငံတော်မှ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့်ပြည်သူများအတွက် ထောက်ပံ့ငွေများကိုပေးအပ်ရာ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက အသီးသီး လက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြား

ရာတွင် အထွေထွေဆွေးနွေးမှုများတွင်ပါဝင်သည့် မီးခိုးငွေ့ကင်းစင်ရေးနှင့်ပတ်သက်၍ နိုင်ငံတကာတွင်လည်း ဆောင်ရွက်လျက်ရှိပြီး အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မီးခိုးငွေ့နှင့် လေထုသန့်ရှင်းရေးကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လိုင်စင်မဲ့ မော်တော်ယာဉ်များ စိစစ်ဖော်ထုတ်ရာ၌ ဖမ်းဆီးရမိသူများအပြင် ပါဝင်ပတ်သက်နေသည့် အုပ်ချုပ်ရေးနှင့် လုံခြုံရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများကိုလည်း အဆင့်ဆင့်စိစစ်ဖော်ထုတ်အရေးယူသွားရန်လိုကြောင်း၊ တရားမဝင် မော်တော်ဆိုင်ကယ်များကိုလည်း စိစစ်ဖော်ထုတ်အရေးယူသွားရမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်ပစ္စည်းများ တင်သွင်းခြင်းနှင့် တင်ပို့ခြင်းသည် နိုင်ငံတော်အတွက်လည်း များစွာထိခိုက်စေနိုင်သဖြင့် ထိထိရောက်ရောက် ဖော်ထုတ်ဆောင်ရွက်သွားရန်လိုကြောင်း။

Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများနှင့်ပတ်သက်၍လည်း ထိထိရောက်ရောက်ဖော်ထုတ်အရေးယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် သတင်းအချက်အလက်များ ဖော်ထုတ်ရယူ၍ အရေးယူဆောင်ရွက်သွားကြရန်လိုကြောင်း၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍လည်း ထုတ်လုပ်မှု၊ သယ်ယူပို့ဆောင်မှု၊ သိုလှောင်ရောင်းချမှုဟူ၍ရှိပြီး သယ်ယူပို့ဆောင်ရာတွင် မြို့ကြီးများကို ဖြတ်ကျော်သယ်ဆောင်နေခြင်းများဖြစ်သဖြင့် စနစ်တကျ ဖိဖိစီးစီးဖြင့် ဖော်ထုတ်အရေးယူ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများမှ ဒုစရိုက်မှုများကျူးလွန်၍ ထွက်ပြေးတိမ်းရှောင်လာသူများအနေဖြင့် နယ်စပ်ဒေသများရှိ ဒေသခံတိုင်းရင်းသူများနှင့် လက်ထပ်ထိမ်းမြားခြင်းများလုပ်ဆောင်ပြီး မိမိတို့နိုင်ငံသားအဖြစ်ရရှိရန် ဆောင်ရွက်ခြင်းများလည်းရှိကြောင်း၊ ထို့ကြောင့်သက်ဆိုင်ရာ အုပ်ချုပ်ရေးတာဝန်ရှိသူများအနေဖြင့် နိုင်ငံခြားသားများနှင့် မိမိတို့နိုင်ငံသားများ တရားမဝင်လက်ထပ်ပေါင်းသင်းနေထိုင်ခြင်းများကို စနစ်တကျဖြင့် ဖော်ထုတ်သွားကြရန်လိုကြောင်း။

စာကြည့်တိုက်များနှင့်ပတ်သက်၍လည်း အားပေးဆောင်ရွက်သွားရန်လိုပြီး စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာကြည့်တိုက်လုပ်ငန်းများ တိုးတက်ရေးအတွက်လည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသွားရန် လိုကြောင်း ပြောကြားခဲ့သည်။

■ ■ ■

# မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် (၂၀၂၅) ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၁၉ - ၂ - ၂၀၂၅ )






မြန်မာ့စားသောက်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဖိုရမ် (၂၀၂၅)ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီလ ၁၉ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ညီနောင်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပြည်တွင်းအသားတင်ထုတ်လုပ်မှု (GDP)ဖြင့် တိုင်းတာကြကြောင်း၊ အဆိုပါ GDP ကိုတွက်ချက်သည့်အခါတွင်လည်း နိုင်ငံ၏လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍဟူ၍ ကဏ္ဍကြီး ၃ ခုကို အခြေခံပြီး တွက်ချက်ကြခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံကဲ့သို့ စိုက်ပျိုးရေးအခြေခံသည့် စက်မှုနိုင်ငံအဖြစ် ထူထောင်ရာတွင် စိုက်ပျိုးမွေးမြူရေးအခြေခံကုန်ကြမ်းများသည် အဓိကဖြစ်ပြီး လျှပ်စစ်နှင့် စွမ်းအင်သည်လည်း အရေးကြီးသည့် သွင်းအားစုများဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏စက်မှုကဏ္ဍနှင့်စီးပွားရေးကို ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အထောက်အပံ့ဖြစ်စေမည့် စက်မှုဖွံ့ဖြိုးရေးကော်မရှင်၊ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေး ကော်မရှင်နှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေး ကော်မရှင်စသည့် ကော်မရှင် ၃ ရပ်ကို ဖွဲ့စည်းပေးခဲ့ခြင်း

လည်းဖြစ်ကြောင်း။

**နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ပေးနေ**

လူသားတိုင်း အသက်ရှင်ရပ်တည်မှုအတွက် စားရေး၊ ဝတ်ရေး၊ နေရေးတို့သည် အဓိကအရေးကြီးသည့်အရာများဖြစ်ကြောင်း၊ ယင်းသုံးခုအတွင်းတွင် စားသောက်ရေးသည် အခြေခံကျပြီး နေ့စဉ်ကြုံတွေ့နေရမည့် မရှိမဖြစ်သည့်အရာဖြစ်ကြောင်း၊ အဆိုပါစားရေးကို အဆင်ပြေစေရန်အတွက် လိုအပ်သည့် စားသောက်ကုန်များသည် ဈေးနှုန်းသက်သာပြီး အရည်အသွေးကောင်းကောင်းဖြင့် ဖြန့်ဖြူးပေးနိုင်မှသာ ပြည်သူများအတွက် အစားအစာ ဖူလုံမည်ဖြစ်သကဲ့သို့ ပြည်ပပို့ကုန်အဖြစ်လည်း အဆင့်မီမီ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ပြည်တွင်းစားသောက်ကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များအနေဖြင့် စားသောက်ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုကောင်းမွန်သည့် စီးပွားရေးဝန်းကျင်တစ်ရပ်ဖြစ်ထွန်းလာစေရေး၊ စားသောက်ကုန်ထုတ်လုပ်ငန်းကွင်းဆက်တစ်လျှောက် အရည်အသွေးပြည့်မီပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် စားသောက်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ပြည်တွင်းစားသုံးမှုဖူလုံစေပြီး သွင်းကုန်အစားထိုးထုတ်လုပ်ကာ ပြည်ပဈေးကွက်သို့ထိုးဖောက်တင်ပို့နိုင်ရေး၊ စားသောက်ကုန်လုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရန်အတွက် အစီအမံသစ်များ ဖော်ဆောင်ပေးနိုင်ရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းနှင့်ပတ်သက်သည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ညွှန်ကြားချက်များတွင် ရှင်းလင်းလွယ်ကူစေရေးနှင့် နည်းစနစ်များ၊ စံချိန်စံညွှန်းများနှင့် သတင်းအချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေနိုင်ရေးဆိုသည့် ရည်ရွယ်ချက်များဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ စားသောက်ကုန်လုပ်ငန်းအတွက် အဓိကကျပြီး သေချာသည့်ကုန်ကြမ်းသည် နိုင်ငံအတွင်းတွင် အလုံအလောက်ထွက်ရှိကြောင်း၊ မှတ်ပုံတင်ထားသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများထဲတွင် စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းအရေအတွက်သည် စုစုပေါင်း ၂၃၈၈၇ ခုဖြစ်ပြီး (၄၉ ဒသမ ၆၃) ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်သည်ကို တွေ့ရကြောင်း။

စက်မှုဇုန်များတွင် မှတ်ပုံတင်ထားသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများတွင် စားသောက်ကုန်ထုတ်လုပ်သည့်လုပ်ငန်းမှာ လုပ်ငန်းပေါင်း ၂၀၀၄ ခုဖြင့် အများဆုံးဖြစ်သည်ကို တွေ့ရကြောင်း၊ ထို့ပြင် ပြည်တွင်းတွင်ရှိသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်းများဖြစ်သည့် MSME မှတ်ပုံတင်စာရင်းတွင် ကြည့်မည်ဆိုပါကလည်း MSME စုစုပေါင်း ၄၉၁၂၅ ခု ရှိသည့်အနက် စားသောက်ကုန်လုပ်ငန်းသည် ၉၉၈၄ ခုဖြင့် အများဆုံးဖြစ်နေသည်ကို တွေ့ရှိရကြောင်း၊ ယခုကဲ့သို့ ပုဂ္ဂလိကစက်မှုကုန်ထုတ်လုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများတွင် အရေအတွက်များပြားပြီး အရေးပါသည့်စားသောက်ကုန်လုပ်ငန်းများကို သာမန်သဘောမထားဘဲ အလေးထားကြရန်လိုကြောင်း။

**တိုးတက်ကောင်းမွန်မှုများကို များစွာအားရဖွယ်တွေ့ရ**

MSME လုပ်ငန်းများ တိုးတက်အောင်မြင်စေရေးအတွက် အားပေးဆောင်ရွက်ခြင်းရည်ရွယ်ချက်မှာ အဓိကပြည်တွင်းစီးပွားရေး၊ တစ်နည်းအားဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးခြင်းပင်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ကုန်ထုတ်လုပ်မှုပြုလုပ်ရာ၌ အဓိကမရှိမဖြစ်လိုအပ်သည်မှာ ကုန်ကြမ်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းထွက်၊ ဒေသထွက်ကုန်ကြမ်းများကို အဓိကထုတ်လုပ်ရန် မူဝါဒပေးထားကြောင်း၊ ဒေသအလိုက်ထွက်ရှိသည့် စိုက်ပျိုးရေးနှင့်မွေးမြူရေး ကုန်ထုတ်လုပ်မှုများသည် သေချာသည့် ကုန်ကြမ်းများဖြစ်ကြောင်း၊ ထိုမှပြည်ပသွင်းကုန် အစားထိုးနိုင်ရန်နှင့် ပြည်ပပို့ကုန်တိုးမြှင့်ဆောင်ရွက်နိုင်ရန် တစ်ဆင့်ပြီးတစ်ဆင့် သွားရမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးက MSME လုပ်ငန်းများပြပွဲပြုလုပ်သည့်အခါ တိုးတက်ကောင်းမွန်မှုများကို များစွာအားရဖွယ်တွေ့ရကြောင်း၊ ထုတ်ကုန်ပစ္စည်းများအရည်အသွေးပိုမိုကောင်းမွန်လာမှု၊ ထုပ်ပိုးမှုများ ပိုမိုကောင်းမွန်လာမှုများသည် ရောင်းအား၊ ဝယ်အား များစွာတိုးတက်စေသည်မှာ လက်တွေ့ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းစားသုံးမှုဖူလုံရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေး ဆောင်ရွက်ပေးနေသည့် ပြည်တွင်းစားသောက်ကုန်လုပ်ငန်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် အားပေးမြှင့်တင်နိုင်ရေး ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုး

တိုးတက်ရေးဖိုရမ်ကို ယနေ့ကျင်းပပြုလုပ်ရခြင်းလည်း ဖြစ်ကြောင်း၊ ယခုဖိုရမ်မှ ပြည်တွင်းစားသောက်ကုန် လုပ်ငန်းများနှင့်ပတ်သက်ပြီး အားနည်းချက်များ၊ အားသာချက်များ၊ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို မြင်တွေ့ကြားသိဖလှယ်နိုင်ကြမည်ဟုလည်း ယုံကြည်ကြောင်း။

လုပ်ငန်းဆောင်တာများကို လုပ်သာကိုင်သာရှိပြီး မြန်ဆန်မှန်ကန်အောင် ဝိုင်းဝန်းကြိုးပမ်းပေးမှသာ အရွေ့တစ်ခုကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကိုရှေးရှုပြီး အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကိုယခုထက်မြှင့်တင်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ အစိုးရနှင့် ပုဂ္ဂလိကအကြား နီးနီးစပ်စပ်ပူးပေါင်းပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မှသာ ကုန်ထုတ်လုပ်မှုနှင့် ကုန်စည်စီးဆင်းမှု တိုးတက်လာစေမည်ဖြစ်ကြောင်း၊ မြေပြင်တွင် လက်တွေ့လုပ်ကိုင်နေသူများ၏ ကြုံတွေ့နေရသည့် အခက်အခဲများကိုလည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးအဖြေရှာပြီး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကြစေချင်ကြောင်း၊ အဓိကခံယူထားရမည်မှာ အားလုံးသည် နိုင်ငံ့အကျိုးအတွက် လုပ်ဆောင်နေကြသည်ဆိုသည့် အသိဖြင့် လုပ်ငန်းများ သွက်လက်မြန်ဆန်အောင် အကောင်အထည်ဖော်ပေးကြရန်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်၏ စီးပွားရေးတိုးတက်ရန် ဆောင်ရွက်နေကြသည့် လုပ်ငန်းရှင်များကို အားပေးကူညီမြှင့်တင်ပေးပြီး နိုင်ငံတော်၏ စက်မှုကုန်ထုတ်လုပ်မှု ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့် လုပ်ငန်းရှင်များဘက်မှလည်း ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကို ရှေးရှုပြီး ကုန်ထုတ်လုပ်ငန်းများ ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

■ ■ ■

# ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၈) သူရတပ်ခွဲ သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၂၁ - ၂ - ၂၀၂၅ )





တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၂၈)သူရတပ်ခွဲ သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ဖေဖော်ဝါရီလ ၂၁ ရက်နေ့ နံနက်ပိုင်းတွင် ဗထူးမြို့၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး)စစ်ရေးပြကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာ သရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက် မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးဇေယျကျော်ထင် ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျ ကျော်ထင်စည်သူ ထွန်းအောင်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တြိဂံ ဒေသတိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများ၊ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ကျောင်းအုပ်ကြီး၊ ဗထူးတပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်း များ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည် တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး ဗိုလ်လောင်းတပ်ခွဲများအား လိုက်လံစစ်ဆေးသည်။ ထို့နောက် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲများ၏ အနှေး လျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် သည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၈)မှ အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ် ၇၄၊ ဗိုလ်လောင်း သက်နိုင်စိုးအား ငွေဓားဆု ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်က သင်တန်းဆင်းမိန့်ခွန်းပြောကြားရာတွင် "တပ်မတော်(ကြည်း)တွင် အရည်အချင်းပြည့်ဝသော အရာရှိများဖြစ်ပေါ်လာစေရန်နှင့် ခြေလျင်တပ်စုတစ်စုကို ပိုင်နိုင်စွာ ကွပ်ကဲ၍ စစ်မြေပြင်တွင် တိုက်ပွဲဝင်နိုင်စေရန်"ဟူသည့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)၏ ရည်ရွယ်ချက်နှင့်အညီ စစ်ပညာ၊ ကွပ်ကဲမှု၊ ခေါင်းဆောင်မှုပညာရပ်များနှင့် စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ ပညာရပ်များကို သင်ကြားလေ့ကျင့်အောင်မြင်ခဲ့သဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း။

အကြမ်းဖက် လက်နက်ကိုင်လမ်းစဉ် ကျင့်သုံးနေသည့် အကြမ်းဖက် သောင်းကျန်းသူများသည် ထာဝရ ငြိမ်းချမ်းရေးရရှိပြီး ပြည်ထောင်စုနှင့်အတူ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ပါဝင်လျှောက်လှမ်းရေးထက် နယ်မြေအလိုက်အာဏာရရှိရေးကို လုပ်ဆောင်နေကြခြင်းဖြစ်၊ အထူးသဖြင့် အကြမ်းဖက်သမားများသည် အေးချမ်းစွာ နေထိုင်လိုပြီး ဆင်ခြင်တုံတရားရှိသည့် ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ဖိအားပေးခြင်း များကို ပြုလုပ်နေသကဲ့သို့ နိုင်ငံတစ်ဝန်း အကြမ်းဖက် တိုက်ခိုက်မှုများ ပိုမိုပြုလုပ်နေ ကြသဖြင့် တည်ငြိမ်အေးချမ်းစွာ နေထိုင်လိုကြသည့် ပြည်သူများ၏ အသက်၊ အိုးအိမ်၊ ပစ္စည်းဥစ္စာများနှင့် ပြည်သူပိုင်အဆောက်အအုံများ များစွာပျက်စီးဆုံးရှုံးနေကြရ။

မိမိတို့တပ်မတော်အနေဖြင့် နိုင်ငံတော်နှင့် ပြည်သူ၏ အကျိုးစီးပွားကို အစဉ်ရှေးရှုပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ထိပါးလာမည့် ကိစ္စမှန်သမျှကို မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ထက်သန်စွာဖြင့် မှန်ကန်သည့် ရပ်တည်ချက်၊ အမျိုးသားရေးခံယူချက်များနှင့်အတူ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြောင်း၊ ယခုကဲ့သို့ မျိုးချစ်စိတ် နိုင်ငံချစ်စိတ်ကို အခြေခံပြီး မွန်မြတ်သည့် စိတ်ထားများဖြင့် တိုင်းရင်းသားပြည်သူကြားက ပေါက်ဖွားလာခဲ့သည့် မိမိတို့ တပ်မတော်၏ကောင်းမြတ်သော အတိတ်သမိုင်းကြောင်းများကို သိရှိထားပြီး အစဉ်အလာကောင်းများကို ဆက်လက် ထိန်းသိမ်းသွားကြရန်လိုကြောင်း။

တပ်မတော်တွင် ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ယူကြရတော့မည့်သူများအနေဖြင့် မိမိကွပ်ကဲရသည့် တပ်ဖွဲ့များကိုလည်း စွမ်းရည်သုံးရပ်နှင့် ပြည့်စုံအောင် တည်ဆောက်နိုင်စွမ်းရှိရမည်ဖြစ်ကြောင်း၊ အခက်အခဲ အကျပ်အတည်းဟူသမျှ ရင်ဆိုင်ကျော်လွှားနိုင်ပြီး မိမိတပ်ကို တက်ညီလက်ညီနှင့် စုပေါင်းဆောင်ရွက်နိုင်စွမ်း ရှိအောင် ဖွဲ့စည်းထားနိုင်ရမည်ဖြစ်ကြောင်း၊ မိမိကိုယ်တိုင် အရာရာတွင် စံပြဖြစ်အောင် နေထိုင်ကျင့်ကြံပြီး ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာဆောင်ရွက်သွားကြရန်လိုကြောင်း။

သင်တန်းကာလအတွင်း စစ်အတတ်ပညာ အပါအဝင် စစ်ဘက်ခေါင်းဆောင်မှုပညာများကို လေ့လာသင်ယူခဲ့ပြီးဖြစ်သဖြင့် မိမိတို့တပ်မတော်၏ ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ချက်နှင့်အညီ လိုက်နာကျင့်ကြံနေထိုင်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ခေါင်းဆောင်မှုဆိုသည်မှာ ပါရမီသက်သက်မဟုတ်ဘဲ နည်းနာနိဿယကောင်းများကို ကြိုးစားလေ့လာကျင့်သုံးခြင်းဖြင့် အောင်မြင်မှုရရှိနိုင်သည့် ပညာရပ်တစ်ခုဖြစ်ပြီး ပေးအပ်သည့် ရည်မှန်းချက်တာဝန်ကို အောင်မြင်ပြီးမြောက်သည်အထိ လက်အောက်ငယ်သားများကို စည်းရုံးလုပ်ဆောင်နိုင်သည့် အရည်အချင်းဖြစ်ကြောင်း၊ ထို့ကြောင့် ခေါင်းဆောင်တစ်ဦး သိသင့်သိထိုက်သည့် အသိပညာ အတတ်ပညာများကို စဉ်ဆက်မပြတ်

လေ့လာမှသာလျှင် မှန်ကန်သည့် ဆုံးဖြတ်ချက်ကို ချမှတ်နိုင်မည်ဖြစ်သည့်အတွက် တစ်ဦးချင်း လေ့လာအားထုတ်ကြိုးပမ်းကြရန်လည်း မှာကြားလိုကြောင်း။

မိမိတို့တပ်မတော်သည် စတင်ဖွဲ့စည်းစဉ်ကတည်းကပင် စည်းကမ်းနှင့် စိတ်ဓာတ်ကိုအခြေခံပြီး ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ စည်းကမ်းသည် မိမိတို့တပ်မတော်၏ အသက်ခန္ဓာပင်ဖြစ်ကြောင်း၊ ပြည်သူကြားက ပေါက်ဖွားလာပြီး မိမိဆန္ဒအလျောက် တပ်မတော်အတွင်းကိုဝင်ရောက်လာကြသူများဖြစ်ကာ အထူးသဖြင့် ပြည်သူ့တပ်မတော်သားများဖြစ်သည့်အတွက် တပ်မတော်က ချမှတ်ထားသော စစ်ဘက်ဥပဒေ၊ စစ်စည်းကမ်းများအပြင် နယ်ဘက်ဥပဒေ၊ နယ်ဘက်စည်းကမ်းများကိုလည်း တိတိကျကျ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရာတွင် တစ်ဦးချင်း ကျန်းမာကြံ့ခိုင်မှုရှိနေရမည်ဖြစ်ပြီး အမြဲတမ်းတိုက်ပွဲဝင် အသင့်ဖြစ်နေစေရန်လည်း လေ့ကျင့်နေရမည်ဖြစ်ကြောင်း၊ တပ်မတော်မှ ထုတ်ပြန်ထားသည့် စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ အမိန့်ညွှန်ကြားချက်များကို လေးစားလိုက်နာဆောင်ရွက်ခြင်းသည် မိမိ၏ ပင်ကိုအရည်အသွေးတိုးတက်အောင် လေ့ကျင့်နေခြင်းပင်ဖြစ်ကြောင်း။

အထူးသဖြင့် "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဟူသည့် ဆောင်ပုဒ်အတိုင်း ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လျက်ရှိသည့် စစ်အသုံးအဆောင်နှင့် စစ်အတတ်ပညာများကို အသုံးချနိုင်ရန်အတွက် စဉ်ဆက်မပြတ် လေ့လာနေရမည်ဖြစ်သကဲ့သို့ အသက်အရွယ်အလိုက် ရှိသင့်ရှိထိုက်သည့် ကျန်းမာကြံ့ခိုင်မှုနှင့် ကျွမ်းကျင်မှုရှိအောင်လည်း နေ့စဉ်ပုံမှန်လေ့ကျင့်နေကြရမည်ဖြစ်ကြောင်း၊ လေ့ကျင့်ရေးလုပ်ဆောင်ခြင်းသည် ကြံ့ခိုင်မှုနှင့် ကျွမ်းကျင်မှုရှိရန်အတွက်ဖြစ်ကြောင်း၊ ကြံ့ခိုင်မှုဆိုသည်မှာ တပ်ဖွဲ့ဝင်တစ်ဦးချင်း၏ ရုပ်ပိုင်း၊ စိတ်ပိုင်း ကျန်းမာကြံ့ခိုင်နေအောင် လေ့ကျင့်နေခြင်းဖြစ်သကဲ့သို့ ကျွမ်းကျင်မှုဆိုသည်မှာလည်း မိမိတို့ကိုင်တွယ်အသုံးပြုနေသည့်လက်နက်များနှင့်သင်ယူလေ့လာထားသည့် စစ်ပညာရပ်များကို ကျွမ်းကျင်နေစေရန် လေ့ကျင့်ခြင်းဖြစ်ကြောင်း၊ ထိုသို့ကျွမ်းကျင်မှုရှိမှသာ ယုံကြည်မှုရှိလာမည်ဖြစ်ပြီး ယုံကြည်မှုရှိမှလည်း ကြုံတွေ့လာသည့် အခက်အခဲတိုင်းကို ရဲဝံ့စွန့်စားစွာ ရင်ဆိုင်လုပ်ကိုင်နိုင်သည့် ရဲစွမ်းသတ္တိများ ရရှိလာမည်ဖြစ်သည့်အတွက် အလေးထားလိုက်နာသွားကြရန်လိုကြောင်း။

မိမိတို့တပ်မတော်သားများသည် ဒွိတာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အဓိကနေရာမှ တာဝန်ထမ်းဆောင်နေကြသူများဖြစ်ကြောင်း၊ ထို့အပြင် ဒွိတာဝန်အရေးသုံးပါးကို ထိပါးလာမည့် အရေးကြုံလာလျှင်လည်း မိမိတို့တပ်မတော်သည် နိုင်ငံတော်နှင့်ပြည်သူအတွက် အသက်ကိုပဓာနမထားဘဲ စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်နေသည့် အခိုင်မာဆုံး အင်အားစုတစ်ရပ်လည်းဖြစ်ကြောင်း၊ လက်ရှိကာလတွင်လည်း မိမိတို့တပ်မတော်သည် ပြည်သူလူထုလိုလားသည့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းပေါ်တွင် ခိုင်မာစွာလျှောက်လှမ်းနိုင်ရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်လျက်ရှိကြောင်း။

လက်ရှိအချိန်တွင် လက်နက်ကိုင်လမ်းစဉ်ကို မစွန့်လွှတ်လိုသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအချို့သည် NUG၊ CRPH၊ PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ပူးပေါင်းပြီး ပြည်သူများကို အကြောက်တရားလွှမ်းမိုးလာစေရေးနှင့် ၎င်းတို့ထိန်းချုပ်နယ်မြေများ ချဲ့ထွင်နိုင်ရေးအတွက် နိုင်ငံရေးကိစ္စကို အကြောင်းပြပြီး အကြမ်းဖက်လက်နက်ကိုင်နည်းလမ်းကို တရားလက်လွတ်ဥပဒေမဲ့လုပ်ဆောင်လျက်ရှိနေကြောင်း၊ ထိုကဲ့သို့ အကြမ်းဖက်လက်နက်ကိုင်နည်းလမ်းကြောင့် နယ်မြေဒေသအချို့တွင် မတည်မငြိမ်ဖြစ်ခဲ့ရပြီး ဒေသခံများ၏ လူမှုစီးပွားဘဝနှင့် အသက်အန္တရာယ်များ ထိခိုက်ဆုံးရှုံးနေရခြင်းဖြစ်ကြောင်း၊ အကြမ်းဖက် လက်နက်ကိုင်လမ်းစဉ်ကျင့်သုံးနေသည့် အကြမ်းဖက်သောင်းကျန်းသူများသည် ထာဝရငြိမ်းချမ်းရေးရရှိပြီး ပြည်ထောင်စုနှင့်အတူ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ပါဝင်လျှောက်လှမ်းရေးထက် နယ်မြေအလိုက် အာဏာရရှိရေးကို လုပ်ဆောင်နေကြခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် အကြမ်းဖက်သမားများသည် အေးချမ်းစွာနေထိုင်လိုပြီး ဆင်ခြင်တုံတရားရှိသည့် ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ဖိအားပေးခြင်း

များကိုပြုလုပ်နေသကဲ့သို့နိုင်ငံတစ်ဝန်း အကြမ်းဖက် တိုက်ခိုက်မှုများ ပိုမိုပြုလုပ်နေကြသဖြင့် တည်ငြိမ်အေးချမ်းစွာ နေထိုင်လိုကြသည့် ပြည်သူများ၏ အသက်၊ အိုးအိမ်၊ ပစ္စည်းဥစ္စာများနှင့် ပြည်သူပိုင်အဆောက်အအုံများ များစွာပျက်စီးဆုံးရှုံးနေကြရကြောင်း၊ ထို့ကြောင့်လည်း အေးချမ်းစွာ နေထိုင်လိုကြသည့် အပြစ်မဲ့ပြည်သူများသည် နိုင်ငံရေးပြဿနာကို အကြမ်းဖက်လက်နက်ကိုင်နည်းလမ်းဖြင့် ရယူရန် ကြိုးစားနေကြသည့် အကြမ်းဖက်သမား သောင်းကျန်းသူများကို အလွန်ရွံရှာစက်ဆုပ်နေကြပြီဖြစ်ကြောင်း။

တပ်မတော်သည် ပြည်သူလူထုမှပေါက်ဖွားသည့် ပြည်သူ့တပ်မတော်ဖြစ်ပြီး နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း၊ ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ရန်၊ နိုင်ငံတော်ကိုကာကွယ်ရန် အစွမ်းကုန်ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ပြီး တပ်မတော်ကဆင်နွှဲနေသည့် တရားသောစစ်အပေါ် တည်ငြိမ်အေးချမ်းရေးကို လိုလားသည့် ပြည်သူလူထုတစ်ရပ်လုံးက ဝန်းရံထောက်ခံအားပေးနေသကဲ့သို့ သောင်းကျန်းသူ အမြစ်ဖြတ်ချေမှုန်းရေးနှင့် အကြမ်းဖက်မှု နှိမ်နင်းတိုက်ဖျက်ရေးအတွက် ပြည်သူလူထု၊ အစိုးရ၊ တပ်မတော်ပေါင်းစည်းအား၊ ညီညွတ်သော စိတ်ဓာတ်တို့နှင့် အတူတကွ လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ ဒေသတစ်ခု တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားကာ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျအောင် လုပ်နိုင်စွမ်းရှိသူများသည် ယင်းဒေသတွင်နေထိုင်ကြသည့် ဒေသခံများနဲ့ ဒေသခံ အကြမ်းဖက်သမားများသာဖြစ်ကြောင်း၊ လက်နက်ကိုင် သောင်းကျန်းသူအကြမ်းဖက်အဖွဲ့များ၏ဥပဒေမဲ့အကြမ်းဖက် လုပ်ရပ်များ၊ နယ်မြေချဲ့ထွင်ရေး တိုက်ပွဲဖော်ဆောင်လာမှုများကို တပ်မတော်အနေဖြင့် တည်ငြိမ်အေးချမ်းရေးကို လိုလားသည့် ဒေသခံပြည်သူများနှင့်ပူးပေါင်းပြီး တရားသောစစ်ကို ဆက်လက်ဆင်နွှဲသွားကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးသို့ ရောက်ရှိချိန်တွင် မိမိတို့ တာဝန်ထမ်းဆောင်ရမည့် နယ်မြေဒေသအတွင်း အကြမ်းဖက်လက်နက်ကိုင်လမ်းစဉ်နှင့် ပြည်သူလူထုကို အနိုင်ကျင့်နေမှုများမရှိစေရေးအတွက် လုံခြုံရေးနှင့် စစ်ဆင်ရေးတာဝန်များကို ပြည်သူလူထုနှင့် ပူးပေါင်းပြီး နိုင်ငံတော်နှင့်တပ်မတော်အတွက် ရဲဝံ့စွန့်စားစွာ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ထို့အပြင် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲ အောင်မြင်စွာပြုလုပ်နိုင်ရေး၊ မဲဆန္ဒပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့်မဆုံးရှုံးရရေး အတတ်နိုင်ဆုံး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အဖွဲ့အစည်းတစ်ခု တိုးတက်အောင်မြင်ရေးအတွက် စည်းလုံးညီညွတ်မှုသည် မရှိမဖြစ်လိုအပ်သည့် အရာတစ်ခုဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် မိမိတို့၏ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်အခြေခံပြီး တပ်တွင်းစည်းလုံးညီညွတ်ရေးကို ကျစ်လျစ်ခိုင်မာစွာ တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့တည်ဆောက်ရာတွင် လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေး၊ စိတ်ဓာတ်ဟူသည့် တပ်တည်ဆောက်ရေး လုပ်ငန်းကြီး ၄ ရပ်နှင့်အညီ တည်ဆောက်ရမည်ဖြစ်ကြောင်း၊ တပ်မတော်သားတိုင်းကလည်း ရဲဘော်အချင်းချင်းအပေါ် ထားရှိရမည့်မေတ္တာတရား၊ သံယောဇဉ်တရားနှင့် သစ္စာစောင့်သိမှုတရားဟူသည့် ရဲဘော်စိတ်ကို ထာဝစဉ် မွေးမြူထားရမည်ဖြစ်ကြောင်း၊ ထို့အပြင် စစ်သည်တော်ကျင့်ဝတ်များအတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်သွားကြရမည်ဖြစ်ပြီး မိသားစုဝင်များကိုလည်း ညီအစ်ကို မောင်နှမသဖွယ်၊ မိသားစုသဖွယ် အပြန်အလှန် လေးစားမှု၊ အလေးထားမှုများဖြင့် စည်းလုံးညီညွတ်စွာ နေထိုင်သွားနိုင်ရေး စည်းရုံးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်မှသာ ကျစ်လျစ်ခိုင်မာသည့် တပ်တွင်းစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

မျက်မှောက်ကာလတွင် သတင်း၊ နည်းပညာနှင့် ဆက်သွယ်ရေးကွန်ရက်စနစ်များ လျင်မြန်စွာ ဖွံ့ဖြိုးလာမှုနှင့်အတူ ဆန့်ကျင်ဘက်လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများသည် လူမှုကွန်ရက်ကိုအသုံးပြုပြီး တပ်မတော်ကိုနိုင်ငံရေးသိက္ခာကျအောင်၊ ပြည်သူလူထု ယုံကြည်မှုပျက်ပြားအောင်နှင့် အထင်အမြင်လွဲမှားအောင် ထိုးနှက်တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိကြောင်း၊ ထိုသို့ထိုးနှက်တိုက်ခိုက်မှုများနှင့် အခြေအမြစ်မရှိသည့်ပြောဆိုရေးသားမှုများသည်တပ်မတော်အပေါ်မှာသာမက တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှုအပေါ်၌ပါ ဆိုးရွားစွာထိခိုက်နိုင်သောကြောင့် မိမိတို့ တပ်မတော်သားများအပါအဝင် နိုင်ငံသားအားလုံးအနေဖြင့် အသိ၊ သတိများဖြင့်ယှဉ်ပြီး စဉ်းစားဆင်ခြင်နိုင်ရန်လိုအပ်ကြောင်း၊ တပ်မတော်နှင့် ပြည်သူအကြား စည်းလုံးညီညွတ်မှု

အားနည်းပါက တိုင်းပြည်ကာကွယ်ရေးလုပ်ငန်းများကို စွမ်းအားပြည့်ဆောင်ရွက်နိုင်မည် မဟုတ်သည့်အတွက် တပ်ပြင်စည်းရုံးရေးလုပ်ငန်းများကိုလည်း အလေးထား ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ တပ်မတော်သားများ အနေဖြင့် တပ်ပြင်စည်းရုံးရေးဆောင်ရွက်ရာတွင် "ပြည်သူ သာအမိ၊ ပြည်သူသာအဖ"ဟု သဘောထားပြီး တာဝန် ကျရာနယ်မြေဒေသအသီးသီး၌ ပြည်သူ့အကျိုးပြု လုပ်ငန်းများကို စိတ်ရင်းစေတနာမှန်ဖြင့် ဆောင်ရွက် သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

သင်တန်းဆင်းပြီး ကျရာတာဝန်များကို ထမ်းဆောင် ရာတွင် တစ်ဦးချင်းတစ်ယောက်ချင်းအလိုက် အသိစိတ်ဖြင့် အရာရှိကောင်းများဖြစ်အောင် ထိန်းသိမ်းနေထိုင်သွားရ မည်ဖြစ်ကြောင်း၊ မိမိအတွက်အကျိုးဖြစ်စေမည့် စာပေ အသိပညာ ဖတ်ရှုလေ့လာခြင်းများကိုလည်း စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လေ့လာ ဖတ်ရှုမှုများကို အမြဲမပြတ် ဆောင်ရွက်နေမည်ဆိုပါက လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် အထောက်အကူပြုမည်ဖြစ်ပြီး မိမိတို့ဖတ်မှတ်ထားသည် များကို အသုံးချခြင်းနှင့် မျှဝေပေးခြင်းများကို ဆောင်ရွက်ရန် လိုကြောင်း၊ လေ့လာဖတ်ရှုခြင်း၊ မှတ်သားခြင်း၊ ဆွေးနွေးခြင်း၊ အသုံးချခြင်းများမှ တစ်ဆင့်အသိပညာများ ပိုမိုအားကောင်း လာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တာဝန်ထမ်း ဆောင်ရာတွင် နိုင်ငံတော်နှင့် တပ်မတော်အတွက် အားကိုး အားထားရသည့် အရာရှိကောင်းများဖြစ်အောင် ကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

မိမိတို့တပ်မတော်၏ အစိုးရအဆက်ဆက်၊ ခေတ် အဆက်ဆက်နိုင်ငံတော်အတွက်ရှေ့တန်းကမားမားမတ်မတ် ရပ်တည်ကာကွယ်ခဲ့သည့် ကောင်းမြတ်သော အတိတ် သမိုင်းကြောင်း အစဉ်အလာကောင်းများကို ဆက်လက် ထိန်းသိမ်းဆောင်ရွက်သွားကြရန်၊ ခေါင်းဆောင်ကောင်း များဖြစ်အောင် ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ချက်နှင့်အညီ လိုက်နာကျင့်ကြံနေထိုင်ပြီး ခေါင်းဆောင်တစ်ဦး သိသင့် သိထိုက်သည့် အသိပညာ၊ အတတ်ပညာများကို စဉ်ဆက် မပြတ် လေ့လာသင်ယူသွားကြရန်၊ စည်းကမ်းဟာ တပ်မတော်၏အသက်ဝိညာဉ်ဖြစ်သည့်အတွက် တပ်မတော် က ချမှတ်ထားသည့် စစ်ဘက်ဥပဒေ၊ စစ်စည်းကမ်းများ အပြင် နယ်ဘက်ဥပဒေ၊ နယ်ဘက်စည်းကမ်းများကိုလည်း တိတိကျကျ လိုက်နာသွားကြရန်၊ အမြဲတမ်း တိုက်ပွဲဝင် အသင့်(Fit For Fight)ဖြစ်အောင် အသက်အရွယ်အလိုက် လုပ်သင့်လုပ်ထိုက်သည့်၊ ရှိသင့်ရှိထိုက်သည့် ကျန်းမာ ကြံ့ခိုင်မှုရှိအောင် လေ့ကျင့်မှုများကို မှန်မှန်ကန်ကန် ဆောင်ရွက်သွားကြရန်၊ တပ်မတော်၏ အဓိကတာဝန်ဖြစ် သည့် ဒွိတာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက် ကြမည့် "အနာဂတ်၏ စစ်ခေါင်းဆောင်"များဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလို ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူ ပြီးနောက်စစ်ရေးပြအခမ်းအနားမှပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် ထူးချွန်ဆုရရှိကြ သူများဖြစ်သည့် အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းသက်နိုင်စိုး၊ စစ်ရေးပြအကောင်းဆုံးဆုရ ဗိုလ်လောင်းနေသွေး၊ သေနတ်ပစ်အကောင်းဆုံးဆုရ ဗိုလ်လောင်းအောင်လွင်ဌေးနှင့် ကြံ့ခိုင်ရေးအကောင်းဆုံး ဆုရ ဗိုလ်လောင်း စန်းဇော်ဦးနှင့် ၎င်းတို့၏ မိဘဆွေမျိုး များကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ထူးချွန်ဆုများ ရရှိခဲ့ကြသဖြင့် မိဘများနှင့်ထပ်တူဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်းနှင့် သင်တန်းကာလတစ်လျှောက် စဉ်ဆက်မပြတ် ကြိုးစားအားထုတ်မှုနှင့် မိမိကိုယ်ကို ထိန်းသိမ်းဆောင်ရွက်တတ်သည့် အခြေခံကောင်းများ ကိုလည်း ဘဝတစ်လျှောက်လုံး ဆက်လက်ထိန်းသိမ်း သွားကြရန်လိုကြောင်း၊ ရှေ့ဆက်လက်လျှောက်လှမ်းရ မည့် ဘဝခရီးတစ်လျှောက်လုံးတွင်လည်း မိဘများ၊ ဆရာ၊ ဆရာမများက သွန်သင်ပဲ့ပြင်ပေးခဲ့သည့် အခြေခံကောင်းများ၊ ယခု သင်တန်းမှရရှိခဲ့သည့် မိမိဘဝ တိုးတက်မှုရှိစေရေး ကြိုးစားအားထုတ်နိုင်မှု၊ မိမိကိုယ်ကိုထိန်းသိမ်းနိုင်မှု၊ စည်းကမ်းကောင်းမွန်မှုစသည့် အခြေခံအလေ့အကျင့် ကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး စဉ်ဆက်မပြတ်

ဆက်လက်ကြိုးစားအားထုတ်သွားကြရမည်ဖြစ်ကြောင်း။

ငယ်စဉ်ကလေးဘဝမှယခုအချိန်အထိ ကျွေးမွေးစောင့်ရှောက် ထိန်းသိမ်းသွန်သင်ပေးခဲ့သည့် မိဘဆရာသမားများ၏ ကျေးဇူးကို မမေ့ရန်နှင့် မိသားစုမှ ဂုဏ်ယူရသည့်၊ နိုင်ငံတော်နှင့် တပ်မတော်မှ အားထားရသည့် တပ်မတော်အရာရှိကောင်းများဖြစ်အောင် ကြိုးစားသွားကြရန်လိုကြောင်း၊ မိမိတို့တွင် ရှိပြီးဖြစ်သည့် အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်း၍ မိမိဘဝတိုးတက်အောင်၊ မိမိရည်မှန်းချက်များ မပျောက်ပျက်ရအောင် ဆက်လက်ကြိုးစားအားထုတ်သွားရန်လိုကြောင်းနှင့် မိမိတို့ဘဝတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည့် အသိပညာ၊ အတတ်ပညာများကို စဉ်ဆက်မပြတ် ဖတ်မှတ်လေ့လာခြင်းဖြင့် ဆက်လက်ဆည်းပူးလေ့လာပြီး နိုင်ငံတော်နှင့် တပ်မတော်ကအားထားရပြီး လက်အောက်က အားကိုးရသူများဖြစ်အောင် ဆက်လက်ကြိုးပမ်းသွားကြစေလိုကြောင်း မှာကြားခဲ့သည်။

■ ■ ■

# တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)မှ သင်တန်းသား အရာရှိများအား တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား

( ၂၁ - ၂ - ၂၀၂၅ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဖေဖော်ဝါရီလ ၂၁ ရက်နေ့ မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)မှ သင်တန်းသားအရာရှိများအား အဆိုပါသင်တန်းကျောင်း၊ အောင်ဆန်းခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။ အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများ၊ ဗထူးတပ်နယ်မှ တာဝန်ရှိသူများ၊ တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)မှ နည်းပြများနှင့် သင်တန်းသားအရာရှိများ တက်ရောက်ကြသည်။

**တပ်မတော်၏ နိုင်ငံ့အရေး ထမ်းဆောင်မှု**

ထိုသို့တွေ့ဆုံအမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ် ပြောင်းလဲမှုအခြေအနေများ၊ နိုင်ငံတော်ဖြစ်တည်မှု ပထဝီမြေအနေအထားအရ လုံခြုံရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက်တွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတာဝန်များကို တစိုက်မတ်မတ် ထမ်းဆောင်ခဲ့သည့် အခြေအနေများ၊ နိုင်ငံတော်တွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားလျက်ရှိသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနိုင်ရေး တပ်မတော်မှ ဦးဆောင်ခဲ့သည့် အခြေအနေများနှင့် ၂၀၁၁ ခုနှစ်မှစ၍ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်း

ခဲ့သည့် အခြေအနေများ၊ ဒီမိုကရေစီအစိုးရသက်တမ်း ၂ ခုတွင် တပ်မတော်အနေဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီး လိုအပ်သည်များကိုလည်း အကြံပြုခဲ့သည့် အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့သည့် အခြေအနေများနှင့် အဆိုပါမဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိခဲ့သည့်အပြင် လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏ အာဏာကို အတင်းအဓမ္မရယူရန် လုပ်ဆောင်လာခဲ့သောကြောင့် ဖြစ်ပေါ်လာသည့် အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရအရေးပေါ်အခြေအနေကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ ထမ်းဆောင်ခဲ့ရသည့်အခြေအနေများနှင့်ပတ်သက်၍ ဦးစွာ အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

**သိက္ခာရှိသည့် ရွေးကောက်ပွဲတစ်ရပ် ကျင်းပပေးနိုင်ရေး**

ဆက်လက်ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အန္တိမရည်မှန်းချက်ဖြစ်သည့် လွတ်လပ်၍ တရားမျှတသည့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ တစ်ရပ်ကျင်းပနိုင်ရေး လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းအပါအဝင် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ မဲမသမာမှုဖြစ်ရပ်များကြောင့် တာဝန်ယူခဲ့ရသည့် အစိုးရဖြစ်သဖြင့် လွတ်လပ်၍တရားမျှတပြီး သိက္ခာရှိသည့် ရွေးကောက်ပွဲတစ်ရပ်ကို မဖြစ်မနေ ဖော်ဆောင်ပေးရမည် ဖြစ်ပြီး မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ တစ်ရပ် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံအတွင်း လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှု ပိုမိုရရှိရန်လိုအပ်မည် ဖြစ်သဖြင့် လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

**အခြေခံစိတ်ဓာတ်ကောင်းများဖြင့် တာဝန်ကို ထမ်းဆောင်နိုင်ရမည်**

တပ်မတော်ပိုင်းနှင့်ပတ်သက်၍ တပ်မတော်သားများသည် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မျှ မပါရှိဘဲ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်မည်ဟူသည့် မွန်မြတ်သည့်စိတ်ဓာတ်များဖြင့် တပ်မတော်အတွင်းသို့ ဝင်ရောက်ခဲ့ကြသူများပင် ဖြစ်ကြောင်း၊ ထိုကဲ့သို့သော အခြေခံစိတ်ဓာတ်ကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတော်နှင့် တပ်မတော်မှ ပေးအပ်လာသောတာဝန်များကို ဂုဏ်ယူစွာဖြင့် ဆက်လက်ထမ်းဆောင်သွားကြရမည်ဖြစ်ကြောင်း၊ တာဝန်များကို ထမ်းဆောင်ရာ၌ မိမိတို့အား ပေးအပ်လာသည့် တာဝန်များကို စွမ်းရည်သတ္တိအပြည့်ဖြင့် အောင်မြင်အောင် ထမ်းဆောင်ကြရန်လိုပြီး စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာအရ ကျန်းမာကြံ့ခိုင်မှုရှိရန်၊ ဖွဲ့ လုံ့လ၊ ဝီရိယအပြည့်ဖြင့် တာဝန်ထမ်းဆောင်ကြရန်လိုကြောင်း၊ ယခုကဲ့သို့ သင်တန်းများမှ သင်ကြားပို့ချပေးသည့် စစ်နည်းဗျူဟာများ၊ စစ်အခြေခံသဘောတရားများကို အမှန်တကယ် သိရှိနားလည် တတ်ကျွမ်းမှုရှိအောင် သင်ယူလေ့လာသွားကြရန်လိုပြီး လက်တွေ့စစ်မြေပြင်တွင် အကျိုးရှိရှိ အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ စိတ်ဓာတ်

**စစ်သည်တိုင်း တစ်ဦးချင်း စစ်စည်းကမ်း ကောင်းမွန်ပြီး အုပ်ချုပ်ထောက်ပံ့မှုများ ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်မည် ဆိုပါက စိတ်ဓာတ်ပိုင်းဆိုင်ရာများသည်လည်း ကောင်းမွန်ခိုင်မြဲလာမည်ဖြစ်သဖြင့် အုပ်ချုပ်မှု ညီညွတ်မျှတကောင်းမွန်ရေးကို အလေးထား လိုက်နာဆောင်ရွက်သွားရန်၊ ကွပ်ကဲအုပ်ချုပ်ရသူများအနေဖြင့် ဆက်ဆံရေး ကောင်းမွန်ရန်လိုပြီး မိမိတို့ ကွပ်ကဲအုပ်ချုပ်ရသည့် အရာရှိ၊ စစ်သည်များအပေါ် တပ်မှူးကောင်းသဖွယ်၊ မိဘသဖွယ်စိတ်ထား၍ စိတ်ရင်းစေတနာ ကောင်းဖြင့် ကွပ်ကဲအုပ်ချုပ်သွားရန်၊ စစ်သည်တစ်ဦးတစ်ယောက်ချင်းစီ၏ သဘောသဘာဝကို သိရှိပြီး လူမှန်နေရာမှန် တာဝန်ပေးအပ်နိုင်ခြင်းဖြင့် လုပ်ငန်းများကို အောင်မြင်အောင် ဦးဆောင်နိုင်စွမ်းရှိရမည်။**

ကြံ့ခိုင်မှုရှိပါက လုပ်ငန်းများကိုရာနှုန်းပြည့်အောင်မြင်အောင် ထမ်းဆောင်နိုင်မည်ဖြစ်ပြီး တစ်ဦးချင်းစိတ်ဓာတ်ခိုင်မာမှု ရှိစေရေး၊ ကြံ့ခိုင်မှုရှိစေရေး ယုံကြည်ချက်၊ ခံယူချက် ကောင်းစွာဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်သွားကြရန်လိုကြောင်း၊ သင်တန်းသားအရာရှိ များအနေဖြင့် တစ်ဦးချင်းစီအလိုက် ရည်မှန်းချက်များ ကိုယ်စီ ရှိကြမည်ဖြစ်ပြီး မိမိတို့၏ ရည်မှန်းချက်များ အောင်မြင်မှု ရှိစေရေး၊ မပျောက်ပျက်စေရေး မလျှော့သော ဇွဲ၊ လုံ့လ များဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်လို ကြောင်း၊ ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သဖြင့် ပြောင်းလဲတိုးတက်နေသည့် နည်းပညာရပ်များ၊ စစ်နည်း ဗျူဟာများကို မျက်ခြည်မပြတ် သိရှိနေစေရေး စဉ်ဆက် မပြတ်သည့် လေ့လာဆည်းပူးမှုများကို ဆောင်ရွက်သွား ကြရမည်ဖြစ်ကြောင်း၊ ခိုင်မာတည်ကြည်သည့် စိတ်ဓာတ် များဖြင့် မိမိကိုယ်ကိုထိန်းသိမ်း၍ ရည်မှန်းချက်များ အောင်မြင်မှုရရှိအောင် ဆက်လက်ဆောင်ရွက်သွားကြ ရန်လိုကြောင်း။

**ခေါင်းဆောင်မှုကောင်းမွန်စေရေး**

ခေါင်းဆောင်မှုအပိုင်းနှင့်ပတ်သက်၍ခေါင်းဆောင်မှု အင်္ဂါရပ် ၁၆ ချက်နှင့် မိမိကိုယ်ကို ချိန်ထိုးသုံးသပ်ကာ ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်စေရေး ကြိုးပမ်း ဆောင်ရွက်သွားရန်လိုကြောင်း၊ စဉ်းစားတွေးခေါ်မှုနှင့် အသိပညာများ ပြည့်စုံမှသာလျှင် ခေါင်းဆောင်ကောင်း ဖြစ်နိုင်မည်ဖြစ်ပြီး မိမိဦးဆောင်ရသည့် အဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှုများ အောင်မြင်မှုရှိစေရေး အဘက် ဘက်မှ စဉ်းစားတွေးခေါ်သုံးသပ်၍ ဦးဆောင်ကွပ်ကဲ ဆောင်ရွက်သွားရန်လိုကြောင်း၊ ခေါင်းဆောင်များ၏ တာဝန် ဝတ္တရားများသည် အလွန်ကျယ်ပြန့်သည့်အတွက် တာဝန် ထမ်းဆောင်ရာတွင် စနစ်ကျနမှုရှိရန်လိုပြီး အမြဲမပြတ် လေ့လာနေရမည်ဖြစ်ကြောင်း၊ ခေါင်းဆောင်များအနေဖြင့် မိမိတို့ကွပ်ကဲရသည့်တပ်နှင့် စစ်သည်များ၏ လူမှုစီးပွား ဘဝမြင့်မားစေရေး၊ မှန်ကန်သည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိစေရေး လမ်းညွှန်ပြသနိုင်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် မိမိကိုယ်တိုင် သိသင့်သိထိုက် သည်များကို ဖတ်မှတ်လေ့လာနေရန် လိုအပ်သကဲ့သို့ မိမိလက်အောက်ကိုလည်း အသိပညာတိုးပွားစေရေး စာပေလေ့လာဖတ်ရှုမှုများကို ဆောင်ရွက်စေရန်လိုကြောင်း၊ အသိပညာအတတ်ပညာများရှိမှသာလျှင် မိမိတို့ လုပ်ငန်း တာဝန်များထမ်းဆောင်ရာ၌ အထောက်အကူပြုနိုင်မည် ဖြစ်ပြီး အသိပညာ၊ အတတ်ပညာဖြင့် မိမိတို့၏ ခေါင်းဆောင်မှု တန်ဖိုးများကို ရရှိကြစေလိုကြောင်း။

**လေ့ကျင့်ရေး**

တပ်တည်ဆောက်ရေးလုပ်ငန်းရပ်များဖြစ်သည့် လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေးနှင့် စိတ်ဓာတ်တို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိကြောင်း၊ လေ့ကျင့်ရေးပိုင်းနှင့်ပတ်သက်၍ မိမိတို့နေ့စဉ်ဆောင်ရွက် ရမည့် လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန်ဆောင်ရွက် ခြင်းသည် လေ့ကျင့်ရေးဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်းစီအလိုက် သင်ကြားပေးထားသည့် အခြေခံစစ်ပညာများကို မှန်ကန်စွာ အသုံးချနိုင်ရေး၊ ကိုင် ဆောင်ရသည့် လက်နက်ခဲယမ်းများကိုအကျိုးရှိထိရောက်စွာ ကိုင်တွယ်အသုံးချနိုင်ရေးအတွက် လေ့ကျင့်ရေးလုပ်ငန်း များကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ နေ့စဉ်၊ အပတ်စဉ်၊ လစဉ်လုပ်ဆောင်ရမည့် ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများကို တစ်ဦးချင်းစီအလိုက်၊ အဖွဲ့အလိုက် မှန်မှန်ကန်ကန် လုပ်ဆောင်စေရေးအတွက်လည်း ကွပ်ကဲ ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ လေ့ကျင့်ရေး ပိုင်းနှင့် ပတ်သက်လာပါက စစ်သားကောင်းတစ်ယောက် ပီသအောင် နေထိုင်ကျင့်ကြံလေ့ကျင့်ခြင်းဖြင့် မိမိကိုယ်ကို နှင့် မိမိအဖွဲ့အစည်းကို အရည်အသွေး တိုးတက်လာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**အုပ်ချုပ်ရေး**

အုပ်ချုပ်ရေးပိုင်းနှင့်ပတ်သက်၍ ညီညွတ်မျှတသည့် အုပ်ချုပ်ရေးစနစ်ရှိရန်လိုကြောင်း၊ စစ်သည်တိုင်း တစ်ဦးချင်း စစ်စည်းကမ်းကောင်းမွန်ပြီး အုပ်ချုပ်ထောက်ပံ့မှုများ ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက စိတ်ဓာတ် ပိုင်းဆိုင်ရာများသည်လည်း ကောင်းမွန်ခိုင်မြဲလာမည်ဖြစ် သဖြင့်အုပ်ချုပ်မှုညီညွတ်မျှတကောင်းမွန်ရေးကိုအလေးထား လိုက်နာဆောင်ရွက်သွားရန်လိုကြောင်း၊ ကွပ်ကဲအုပ်ချုပ် ရသူများအနေဖြင့် ဆက်ဆံရေး ကောင်းမွန်ရန်လိုပြီး မိမိတို့ ကွပ်ကဲအုပ်ချုပ်ရသည့် အရာရှိ၊ စစ်သည်များအပေါ် တပ်မှူးကောင်းသဖွယ်၊ မိဘသဖွယ်စိတ်ထား၍ စိတ်ရင်း စေတနာကောင်းဖြင့် ကွပ်ကဲအုပ်ချုပ်သွားရန်လိုကြောင်း၊ စစ်သည်တစ်ဦးတစ်ယောက်ချင်းစီ၏ သဘောသဘာဝကို

သိရှိပြီး လူမှန်နေရာမှန် တာဝန်ပေးအပ်နိုင်ခြင်းဖြင့် လုပ်ငန်းများကို အောင်မြင်အောင် ဦးဆောင်နိုင်စွမ်းရှိရမည်ဖြစ်ကြောင်း။

**သက်သာချောင်ချိရေး**

သက်သာချောင်ချိရေးနှင့်ပတ်သက်၍ တပ်မတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးထားသည့် သက်သာချောင်ချိရေးနှင့် မိမိတို့ကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနေထိုင်ခြင်းဖြင့်လည်း တစ်ဦးချင်း သက်သာချောင်ချိရေးကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် စစ်သည်အဆင့်အတန်းအားလုံးကို အဆင့်အလိုက်လျော်ညီသည့် ရပိုင်ခွင့်များ၊ ခံစားခွင့်များပေးထားပြီးဖြစ်ကြောင်း၊ ကွပ်ကဲအုပ်ချုပ်ရသူများအနေဖြင့် စစ်သည်အဆင့်အတန်းအားလုံး၏ ရသင့်ရထိုက်သည်များကို မှန်မှန်ကန်ကန်နှင့် ပြည့်ပြည့်ဝဝရရှိအောင် ကြပ်မတ်ကွပ်ကဲရမည်ဖြစ်ကြောင်း၊ ၎င်းတို့၏ ကိုယ်ရေးကိုယ်တာအခက်အခဲ၊ အကျပ်အတည်းများကိုလည်း တတ်နိုင်သည့်ဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်းအနေဖြင့်လည်း မိမိကိုယ်ကို အကျိုးမဖြစ်စေနိုင်သည့် အသောက်အစား၊ အပျော်အပါးနှင့် အစားအသောက်များကို ကိုယ်စီအသိစိတ်ဖြင့် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ မိမိတို့ရရှိသည့် ဝင်ငွေနှင့် ထွက်ငွေကို မျှတအောင်သုံးစွဲခြင်းဖြင့် တစ်ဦးချင်းသက်သာချောင်ချိမှုကို ဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်စေခြင်းသည် အကျိုးအမြတ်အတွက် အဓိကမဟုတ်ဘဲ တပ်မိသားစုဝင်များအားလုံး အသား၊ ငါးနှင့် ဥအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်များကို ဈေးနှုန်းသက်သာစွာဖြင့် ပြည့်ဝစွာစားသုံးနိုင်ရေးအတွက်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်၍ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ သက်သာချောင်ချိရေးကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း။

**စိတ်ဓာတ်**

စစ်သည်များ၊ အရာရှိများအနေဖြင့် ကောင်းမွန်ခိုင်မာသည့် စိတ်ဓာတ်များ ရှိစေရေးအတွက် ကောင်းမွန်သည့် ခေါင်းဆောင်မှုဖြင့် တည်ဆောက်သွားကြရန်လိုကြောင်း၊ အဆင့်ဆင့်သော ခေါင်းဆောင်များ ကိုယ်တိုင်က စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်မှသာလျှင် စစ်သည်တစ်ဦးချင်းစီအလိုက် စိတ်ဓာတ်၊ စည်းကမ်းများကောင်းမွန်လာပြီး တိုက်စွမ်းရည်၊ တိုက်စွမ်းအား ကောင်းမွန်သည့်တပ်များဖြစ်လာမည်ဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်း၏ အခြေခံစိတ်နေသဘောထားများကို သိရှိနေမှသာလျှင် လူမှန်နေရာမှန် တာဝန်ပေးအပ်နိုင်မည်ဖြစ်ပြီး ၎င်းတို့၏ အားနည်းချက်၊ လိုအပ်ချက်များကိုလည်း မြှင့်တင်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ၎င်းတို့၏ လူနေမှုဘဝ မြှင့်တင်ရေးနှင့် စည်းကမ်းစနစ်တကျ နေထိုင်သွားလာစားသောက်မှုဖြစ်စေရေးအတွက် အနီးကပ်ကွပ်ကဲနေရသည့် တပ်မှူးများက ဂရုတစိုက်ဖြင့် ထိန်းသိမ်းတည့်မတ်ပေးရန် လိုအပ်မည်ဖြစ်ပြီး နေ့စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန် ဆောင်ရွက်စေရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ယနေ့တွေ့ဆုံပွဲတွင် တပ်မတော်သားဘဝ ဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံများ၊ တာဝန်ထမ်းဆောင်ခဲ့မှုများ၊ ဖတ်မှတ်လေ့လာခဲ့သည့် အသိအမြင်များနှင့်တကွ အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့ခြင်းဖြစ်ကြောင်း၊ သင်တန်းသားအရာရှိများအနေဖြင့် ဘဝဖြတ်သန်းမှုတစ်လျှောက်တွင် ကောင်းမွန်သည့်အထောက်အပံ့ကောင်းများ ရရှိနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် သင်တန်းသားအရာရှိများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ထို့ပြင် ဖေဖော်ဝါရီလ ၂၀ ရက် မွန်းလွဲပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး) အစည်းအဝေးခန်းမ၌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးက အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေးနှင့် စစ်ထောက်ဆိုင်ရာ ဆောင်ရွက်ထားရှိမှု၊ တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း လုံခြုံရေး၊ နယ်မြေစိုးမိုးရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေမှု၊ ပညာရေး၊ ကျန်းမာရေးနှင့်သက်သာချောင်ချိရေး ဆောင်ရွက်ပေးနိုင်မှု အခြေအနေများကိုလည်းကောင်း၊ တပ်မတော်

(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး) ကျောင်းအုပ်ကြီးက လေ့ကျင့်ရေးဆိုင်ရာ တာဝန်ထမ်းဆောင်နိုင်မှု၊ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုနှင့် သက်သာချောင်ချိရေး ဆောင်ရွက်ပေးနိုင်မှု အခြေအနေများကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လုံခြုံရေးပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ နယ်မြေခံတပ်များအနေဖြင့် အရပ်ဘက်အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်ပါက လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ပြီး မိမိတို့တာဝန်ထမ်းဆောင်ရသည့် နယ်မြေဒေသအလိုက် ဒေသနှင့် ဒေသခံများ၏ အကျိုးစီးပွားများ မထိခိုက်အောင် အထူးဂရုပြု ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုံခြုံရေးသည် တစ်ဦးချင်း ဆောင်ရွက်၍ ရနိုင်သည့်ကိစ္စရပ်ဖြစ်ပြီး ကာကွယ်ရေးသည် ကြီးကြပ်ကွပ်ကဲသူများက ရေရှည်စီမံချက်များ၊ ကြိုတင်မျှော်တွေးခြင်းများ၊ ပေါင်းစပ်ညှိနှိုင်းခြင်းများဖြင့် ဆောင်ရွက်ရသည့် ကိစ္စရပ်ဖြစ်ကြောင်း၊ မိမိတို့ တာဝန်ထမ်းဆောင်ရသည့် ဒေသတွင်းလုံခြုံရေးနှင့် ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်ရာတွင် အမျိုးသားအကျိုးစီးပွားကို ထိခိုက်စေနိုင်သည်မှန်သမျှကို ကာကွယ်နိုင်ရေး အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ဆောင်ဖြန့်ဖြူးခြင်းဟူ၍ရှိပြီး ကွင်းဆက်များကို ဖိဖိစီးစီးဖြင့် ဖော်ထုတ်နှိမ်နင်းသွားရန်လိုကြောင်း၊ ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါးများ ထုတ်လုပ်ခြင်းမရှိစေရေး သက်ဆိုင်ရာ နယ်မြေအလိုက် တာဝန်ရှိသူများ အနေဖြင့် အလေးထား ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် မူးယစ်ဆေးဝါး ထုတ်လုပ်ခြင်းမှ ရရှိလာသည့် အရင်းအမြစ်များဖြင့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေကြခြင်းဖြစ်သဖြင့် မူးယစ်ဆေးဝါးနှင့်ပတ်သက်လာပါက ပြတ်ပြတ်သားသား နှိမ်နင်းဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

■ ■ ■

# မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်ငွေပေးချေမှုအတွက် National QR Standard ဖြစ်သည့် MMQR စတင်အသုံးပြုခြင်း အခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၂၇ - ၂ - ၂၀၂၅ )






မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်ငွေပေးချေမှုအတွက် National QR Standard ဖြစ်သည့် MMQR စတင်အသုံးပြုခြင်းအခမ်းအနားကို ဖေဖော်ဝါရီလ ၂၇ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁၊ ကျောက်စိမ်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒါရိုက်တာအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အရာထမ်းများ၊ အသင်းအဖွဲ့များ၊ ဘဏ်များမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် နည်းပညာကုမ္ပဏီများမှ ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်ငွေပေးချေမှုအတွက် National QR Standard ဖြစ်သည့် MMQR စတင်အသုံးပြုခြင်းအခမ်းအနားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသည့် ငွေပေးချေမှုစနစ်၏ အောင်မြင်မှုမှတ်တိုင်တစ်ခုအဖြစ် မြန်မာနိုင်ငံ အမျိုးသားစံသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားသည့် “လျင်မြန်လွယ်ကူစွာ ငွေပေးချေနိုင်သည့် နိုင်ငံတော်အဆင့် ကျူအာကုတ်စနစ်၊

မြန်မာကျူအာ(MMQR)"ကို နိုင်ငံတကာ စံသတ်မှတ်ချက်များနှင့်အညီ အများပြည်သူများအနေဖြင့် ယနေ့မှစတင် အသုံးပြုနိုင်ပြီဖြစ်ကြောင်း ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ပထမဦးစွာ အသိပေးပြောကြားလိုကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံ၏ငွေပေးချေမှုစနစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကတာဝန်ရှိသည့် အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့်လည်း မြန်မာနိုင်ငံ၏ ငွေပေးချေမှုစနစ်ကို ခေတ်နှင့်အညီ တိုးတက်လာရန်၊ နိုင်ငံတကာ စံသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရန်၊ အများပြည်သူ၏ နေ့စဉ်လူမှုဘဝတွင် ငွေလွှဲပြောင်းပေးချေမှုများကို လုံခြုံစိတ်ချစွာဖြင့် လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရန်၊ ငွေရေးကြေးရေးစနစ်တွင် ပြည်သူများအားလုံး အလုံးစုံပါဝင်လာနိုင်ရေးကို မြှင့်တင်နိုင်ရန်၊ နိုင်ငံအတွင်း ငွေသားကိုင်တွယ်သုံးစွဲမှုလျှော့ချနိုင်ပြီး ဒစ်ဂျစ်တယ်ပေးချေမှုများကို တိုးမြှင့်သုံးစွဲနိုင်ရန်၊ နိုင်ငံ၏ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်းနှင့် ပြည်ပငွေလွှဲဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် စသည်တို့အတွက် ငွေပေးချေမှုစနစ် ဖွံ့ဖြိုးတိုးတက်လာစေမည့် လုပ်ငန်းစဉ်များကို အစဉ်တစိုက် ဆောင်ရွက်ပေးနေသည်ကို တွေ့ရှိရကြောင်း။

မြန်မာနိုင်ငံ၏ ငွေပေးချေမှုစနစ် ဖွံ့ဖြိုးတိုးတက်လာမှုကို ပြောရမည်ဆိုပါက အခြေခံအဆောက်အအုံ တည်ဆောက်မှုနှင့်ပတ်သက်ပြီး ၂၀၁၁ ခုနှစ်တွင် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကဘဏ်များပါဝင်သည့် မြန်မာငွေပေးချေမှုအဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်း၊ ထို့နောက် ငွေသားကိုင်တွယ်ရန် မလိုဘဲ ကတ်ဖြင့်အဆင်ပြေချောမွေ့စွာ ပေးချေနိုင်ရေးအတွက် ပြည်တွင်းဘဏ်များကထုတ်ဝေသည့် မြီစားကတ်၊ အကြွေးဝယ်ကတ်များအပြင် အပြည်ပြည်ဆိုင်ရာ ငွေပေးချေမှုကတ်များကိုပါ စနစ်တကျ သုံးစွဲလာနိုင်သည်ကို တွေ့ရကြောင်း၊ ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်များအကြား ငွေပေးချေမှုကွန်ရက်စနစ်ကို တည်ထောင်ခဲ့ပြီး ငွေပမာဏကြီးမားသည့် အခွန်ပေးဆောင်မှုများကို ပြည်တွင်းဘဏ်များကတစ်ဆင့် ပေးချေနိုင်ရေး ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရကြောင်း။

ပြည်တွင်း၌ မိုဘိုင်းသုံးစွဲမှုတိုးတက်လာသည်နှင့်အမျှ ဘဏ်လုပ်ငန်း ဝန်ဆောင်မှု မရရှိသေးသည့်ဒေသက ပြည်သူများအနေဖြင့်လည်း ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုများကို ရရှိရန်လိုအပ်ကြောင်း၊ ထို့ကြောင့်လည်း ဒစ်ဂျစ်တယ်ပေးချေမှုနည်းလမ်းများကို အခြေခံလူတန်းစားများအထိ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မိုဘိုင်းဘဏ်လုပ်ငန်း၊ အင်တာနက်ဘဏ်လုပ်ငန်း၊ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်း၊ မိုဘိုင်းပေးလုပ်ငန်း၊ ရောင်းချသူကိုယ်စား ငွေကောက်ခံရှင်းလင်းပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများကို ဥပဒေ၊ စည်းမျဉ်းများ၊ ညွှန်ကြားချက်များ၊ အမိန့်များ ထုတ်ပြန်ဆောင်ရွက်ပေးခဲ့ကြောင်း၊ မီတာခ၊ အခွန်အခများ၊ အစိုးရဝန်ထမ်း လစာများ၊ အာမခံကြေးကောက်ခံမှုများ၊ အသေးစားချေးငွေ ထုတ်ချေးခြင်းနှင့် ကောက်ခံခြင်းများစသည့် အစိုးရငွေပေးချေမှုများသာမက အသေးစားငွေပေးချေမှုများအတွက်လည်း စနစ်တကျခွင့်ပြုပေးထားသည်ကို တွေ့ရှိရကြောင်း။

အမျိုးသားငွေပေးချေမှုစနစ် မဟာဗျူဟာ၏ ရည်ရွယ်ချက်များနှင့်အညီ ဒစ်ဂျစ်တယ်ဘဏ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးပြီး ဘဏ်များအကြားကွဲပြားသည့် မိုဘိုင်းငွေကြေးဝန်ဆောင်မှုပေးသူများအကြား မြန်မြန်ဆန်ဆန် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် စနစ်တစ်ခုလိုအပ်ခဲ့ကြောင်း၊ ထို့ကြောင့်လည်း ကျူအာကုတ်ကို မြန်မာနိုင်ငံ အမျိုးသားစံသတ်မှတ်ချက်အဆင့် အသုံးပြုပြီး အပြန်အလှန် ချိတ်ဆက်ပေးချေနိုင်သည့် မြန်မာကျူအာ(MMQR)စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံအတွင်း၌ မတူညီသည့် ငွေပေးချေမှုစနစ်များ၏ ကျူအာကုတ်အမျိုးမျိုးကိုချိတ်ဆက်ပြီး ငွေပေးချေမှုများ ပိုမိုအဆင်ပြေ သုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ ပြည်သူများ၏ နေ့စဉ်ဘဝတွင် အသုံးပြုမှုများသည့် လက်လီငွေလွှဲပြောင်းပေးချေမှုများကို စရိတ်သက်သက်သာသာဖြင့် လွယ်ကူမြန်ဆန်စွာ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာကျူအာ(MMQR) ကနေတစ်ဆင့် ငွေလွှဲပြောင်းပေးချေမှုများ ပြုလုပ်နိုင်ပုံအဆင့်ဆင့်ကိုလည်း သုံးစွဲသူပြည်သူများ ရှင်းရှင်းလင်းလင်း နားလည်အသုံးပြုနိုင်အောင် အသိပညာပေးသွားရန် လိုအပ်ကြောင်း။

မြန်မာကျူအာ(MMQR)ကို အသုံးပြုခြင်းအားဖြင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှု အသုံးပြုနိုင်ခြင်းမရှိသေးသူများသာမက ရှိပြီးသားသူများကိုပါ ငွေရေးကြေးရေးစနစ်တွင်

ပိုမိုပါဝင်လာနိုင်ပြီး ငွေကြေးဝန်ဆောင်မှုများကိုရယူနိုင်ရန် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ငွေသားကိုင်တွယ် သုံးစွဲမှုအား လျှော့ချနိုင်မည်လည်းဖြစ်ကြောင်း၊ ထို့ပြင် မတူညီသည့် ဘဏ်စာရင်းများ၊ မတူညီသည့် ဒစ်ဂျစ်တယ် မိုဘိုင်းပိုက်ဆံအိတ်များ၊ မတူညီသည့် ပေးချေမှုစနစ်များကို ချိတ်ဆက်အသုံးပြုနိုင်မည်ဖြစ်သည့်အတွက် ကုန်သည် များနှင့် အသုံးပြုသူများအကြား ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ များတွင် လျင်မြန်လွယ်ကူပြီး ရှုပ်ထွေးမှုများကို ဖြေရှင်း နိုင်မည်ဖြစ်ကြောင်း၊၊

မြန်မာကျူအာ(MMQR)အသုံးပြုပြီး ငွေပေးချေမှုနှင့် အစိုးရကို အခွန်အခ၊ မီတာခပေးဆောင်ခြင်း၊ ခရီးသွား လုပ်ငန်း၊ နိုင်ငံ့ဝန်ထမ်းများ လစာပေးခြင်း၊ ပင်စင်ထုတ်ပေး ခြင်း၊ အသေးစားစီးပွားရေးလုပ်ငန်း၊ စက်သုံးဆီအရောင်း ဆိုင်၊ ပုဂ္ဂလိကဆေးရုံများ၊ ကျောင်းများနှင့် လူသုံးကုန်ပစ္စည်း များရောင်းချခြင်း အစရှိသည့် စီးပွားရေးလုပ်ငန်း စုံစုံ လင်လင်တွင် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ကဏ္ဍစုံက စီးပွားရေးလုပ်ငန်းများ စုံစုံလင်လင်ပါဝင်လာ နိုင်မည်ဖြစ်သည့်အတွက် လွယ်ကူထိရောက် မြန်ဆန်ပြီး စွမ်းဆောင်ရည်ပြည့်သည့် ငွေပေးချေမှုစနစ်တစ်ရပ်ကို ဖော်ဆောင်နိုင်မည်ပင်ဖြစ်ကြောင်း၊၊

မိမိတို့နိုင်ငံတွင်လည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ် အနေဖြင့် နိုင်ငံတော်အဆင့် စံနှုန်းတစ်ခုဖြစ်သည့် မြန်မာ ကျူအာ(MMQR)ကို ယခုကဲ့သို့ တည်ထောင်နိုင်သည့် အတွက် နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်ရသည့် ငွေရေးကြေးရေးဆိုင်ရာလုပ်ငန်းများနှင့် ငွေလွှဲပြောင်း ပေးပို့မှုများကို အဆင်ပြေချောမွေ့ပြီး လုံခြုံစိတ်ချစွာဖြင့် အခြားနိုင်ငံများနည်းတူ ရင်ဘောင်တန်း ဆောင်ရွက် လာနိုင်တော့မည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ဒစ်ဂျစ်တယ် စီးပွားရေးအဆောက်အအုံ ဖွံ့ဖြိုးလာရန်အတွက် တွန်းအား ပေးသည့် စနစ်တစ်ခုလည်းဖြစ်ကြောင်း၊ နည်းပညာတိုးတက် လာသည်နှင့်အတူ ယခုကဲ့သို့ စနစ်တကျအဆင်ပြေချောမွေ့ အောင် စီမံဆောင်ရွက်ပေးနိုင်သည်နှင့်အမျှ တစ်ဖက်တွင် လည်း အွန်လိုင်းလိမ်လည်မှုများမဖြစ်အောင် စနစ်တကျ စောင့်ကြည့် ထိန်းကျောင်းကြီးကြပ်ရန်လည်း လိုအပ်မည် ဖြစ်ကြောင်း၊၊

ငွေပေးချေမှုစနစ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုစနစ် တစ်ခုဖြစ်သည့် မြန်မာကျူအာ(MMQR) ဒစ်ဂျစ်တယ် ငွေပေးချေမှု ချိတ်ဆက်စနစ်ကို မြန်မာနိုင်ငံတော်ဗဟို ဘဏ်၏ ဦးဆောင်မှုနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ ပူးပေါင်းကြိုးပမ်းအားထုတ်မှုတို့ကြောင့် အောင်အောင် မြင်မြင်နှင့် စတင်အသုံးပြုနိုင်ခဲ့ခြင်းအပေါ် များစွာဂုဏ်ယူ ဝမ်းမြောက်မိကြောင်းနှင့် ဆက်လက်၍ ငွေပေးချေမှု စနစ်များ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရန်၊ နိုင်ငံ၏ ငွေရေး ကြေးရေးကဏ္ဍ ပိုမိုခိုင်မာအားကောင်းလာစေရန်နှင့် နိုင်ငံတော်၏အကျိုးစီးပွားကိုတစ်ဖက်တစ်လမ်းမှအထောက် အကူပြုစေရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွား ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း ပြောကြားသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပေးပို့ခဲ့သည့် သဝဏ်လွှာများ

# (၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

( ၇ - ၂ - ၂၀၂၅ )

**ချစ်ခင်လေးစားအပ်ပါသော ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများအားလုံး မင်္ဂလာပါခင်ဗျား–**

ယနေ့ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကျရောက်သည့် (၇၈) နှစ်မြောက် ရှမ်းပြည်နယ်နေ့ နေ့ထူးနေ့မြတ်အခါသမယ၌ ရှမ်းပြည်နယ်နှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ရှမ်းပြည်နယ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးအနက် ဧရိယာအကျယ်ပြန့်ဆုံးဖြစ်ပြီး တိုင်းရင်းသားမျိုးနွယ်စုအများဆုံး မှီတင်းနေထိုင်လျက်ရှိသည့် ပြည်နယ်ကြီးလည်းဖြစ်ပါသည်။ ရှမ်းပြည်နယ်အတွင်း ရှမ်း၊ ပအိုဝ်း၊ ပလောင်၊ ဓနု၊ အင်းသား၊ တောင်ရိုး၊ ဝ၊ ထနော့၊ ကိုးကန့်၊ လားဟူ၊ ယင်းနက်၊ ယင်းကြား၊ မြောင်ဇီး၊ အာခါ စသည့် ရှမ်းမျိုးနွယ်စုများနှင့်အတူ ကချင်၊ ကယား၊ လီဆူး စသည့် တိုင်းရင်းသားများသည် ကာလရှည်ကြာ အတူယှဉ်တွဲစုပေါင်းနေထိုင်ခဲ့ကြခြင်းသည် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်မှုကိုဖော်ပြခဲ့သည့် အစဉ်အလာကောင်းပင် ဖြစ်ပါသည်။

သမိုင်းကြောင်းဖြစ်တည်မှုအရ မြန်မာနိုင်ငံ၏ ကျောက်ခေတ်နှောင်းကာလနှင့် မြို့ပြယဉ်ကျေးမှုထွန်းကားခဲ့သည့် ကာလယဉ်ကျေးမှု အထောက်အထားများကို ရှမ်းပြည်နယ်တွင် တွေ့ရှိရမည်ဖြစ်ပါသည်။ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားတို့၏ ဘာသာစကားအမွေအနှစ်၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအမွေအနှစ်နှင့် သုခုမအနုပညာအမွေအနှစ်တို့သည် ပြည်ထောင်စုတစ်ဝန်းလုံး၏ ယဉ်ကျေးမှုအနုပညာကဏ္ဍတွင် တစ်ဆက်တစ်စပ်တည်း ရောနှောပါဝင်လျက်ရှိသည်ကို တွေ့ရှိကြရမည်ဖြစ်ပြီး ပြည်ထောင်စုတစ်ဝန်းလုံး ရှေးနှစ်ပေါင်းများစွာကတည်းက အေးအတူပူအမျှ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ခဲ့ကြခြင်း၏ ဂုဏ်ယူမှတ်သားဖွယ်ရာ ပြယုဂ်တစ်ခုလည်း ဖြစ်ပါသည်။

နယ်ချဲ့ဗြိတိသျှတို့၏သုံးကြိမ်တိုင်တိုင် စစ်ပြုကျူးကျော်ခြင်းကို ခံရစဉ်ကလည်း ရှမ်းစော်ဘွားများနှင့် ရှမ်းတိုင်းရင်းသားတို့သည် အခြားတိုင်းရင်းသားများနှင့်အတူ ရှပ်ရှပ်ချွံချွံ ပူးပေါင်းတွန်းလှန်ခဲ့ကြပါသည်။ နိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ဥမကွဲသိုက်မပျက်၊ တိုင်းချစ်ပြည်ချစ်စိတ်ဖြင့် လက်တွဲခဲ့ကြသည့် အစဉ်အလာသည် ရှမ်းပြည်နယ်နှင့် ရှမ်းတိုင်းရင်းသားတို့အတွက် လေးစားဂုဏ်ယူဖွယ်ရာဖြစ်ပါသည်။

မြန်မာနိုင်ငံကို ဗြိတိသျှတို့ နယ်ချဲ့သိမ်းပိုက်ပြီးသည်မှစ၍ ယခင်က မခွဲမခြား၊ မကွဲမပြား နေထိုင်ခဲ့ကြသည့် တောင်တန်းဒေသနှင့် မြေပြန့်ဒေသကို နယ်ချဲ့တို့က နည်းပရိယာယ်မျိုးစုံဖြင့် သွေးခွဲအုပ်ချုပ်ခဲ့ကြပါသည်။ နယ်ချဲ့တို့အနေဖြင့် မြန်မာနိုင်ငံအား မတတ်သာ၍ လွတ်လပ်ရေးပေးခဲ့ရလျှင်ပင် တောင်တန်းဒေသများကို ချန်လှပ်ပြီး ဆက်လက်သွေးခွဲအုပ်ချုပ်ရန် ကြိုးပမ်းခဲ့ကြပါသည်။ ယင်းကြိုးပမ်းမှုကို ချေဖျက်နိုင်ရန်အတွက် ရှမ်းပြည်ပဒေသရာဇ်ကောင်စီဝင် စော်ဘွားများနှင့် ရှမ်းပြည်နယ်ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်မှ လူထုကိုယ်စားလှယ်များက ရှမ်းပြည်နယ် ပင်လုံမြို့တွင် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့မှ ဖေဖော်ဝါရီလ ၆ ရက်နေ့အထိ ဆွေးနွေးခဲ့ကြပြီး ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် လူထုကိုယ်စားလှယ် ခုနစ်ဦး၊ စော်ဘွားများ ကိုယ်စားလှယ် ခုနစ်ဦး စုစုပေါင်း (၁၄) ဦးပါဝင်သော ရှမ်းပြည်ကောင်စီအမှုဆောင်အဖွဲ့ကို

အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ယခင်က နယ်ချဲ့တို့ အလိုကျလိုက်ပါဆောင်ရွက်ပေးခဲ့ရသောရှမ်းပြည်ပဒေသရာဇ် ကောင်စီကိုဖျက်သိမ်းပေးရန် ဘုရင်ခံထံ ကြေးနန်းပေးပို့ အရေးဆိုခဲ့ကြပါသည်။ ရှမ်းပြည်ကောင်စီ အမှုဆောင်အဖွဲ့ အနေဖြင့် ပြည်မနှင့်အတူ လွတ်လပ်ရေးရယူရန် သဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

ဤသို့ မိမိတို့ ပြည်နယ်၊ နိုင်ငံအနာဂတ်အရေး အတွက် သဘောတူညီညွတ်မှုရရှိပြီး အရေးဆိုခဲ့ကြသည့် ဖေဖော်ဝါရီလ ၇ ရက်နေ့ကို ရှမ်းအမျိုးသားနေ့ဟူ၍ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ပင်လုံညီလာခံ အစည်းအဝေးတွင် သတ်မှတ်ခဲ့ကြပါသည်။ ရှမ်းပြည်နယ်ရှိ ပဒေသရာဇ်စော်ဘွားများနှင့် လူထုခေါင်းဆောင်များ၏ ညီညွတ်မှုကို အရင်းခံသော ဆုံးဖြတ်ချက်သည် သမိုင်းဝင် ပင်လုံစာချုပ်ကြီးနှင့် ပြည်ထောင်စုနေ့ဖြစ်ပေါ်လာရေး အတွက် ခိုင်မာသော အုတ်မြစ်ဖြစ်သည့် ဖေဖော်ဝါရီလ ၇ ရက်နေ့ကို ရှမ်းပြည်နယ်နေ့အဖြစ် သတ်မှတ်ဂုဏ်ပြု ကျင်းပခဲ့သည်မှာ ယခုဆိုလျှင် (၇၈) နှစ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးခရီးကို အထောက်အပံ့ကောင်း ဖြင့် ဖြောင့်တန်းစေခဲ့သောကြောင့် တိုင်းရင်းသားများ အတွက် ထူးခြားလေးနက်သော နေ့ထူးနေ့မြတ်လည်း ဖြစ်ပါသည်။

ရှမ်းပြည်နယ်နေ့ ပေါ်ပေါက်လာရခြင်းသည် နယ်ချဲ့ တို့၏ သွေးခွဲအုပ်ချုပ်မှုကို တွန်းလှန်နိုင်ခဲ့ကြသည့် သမိုင်း ဖြစ်ရပ်ကြီးနှင့် တစ်ဆက်တစ်စပ်တည်းပင် ဖြစ်ပါသည်။ နိုင်ငံလွတ်လပ်ရေး ကြိုးပမ်းမှုအတွက် အရေးကြီးသော ဆောင်ရွက်မှုကြီးဖြစ်သည့် တိုင်းရင်းသားစည်းလုံး ညီညွတ်မှုကို ဖော်ပြနိုင်ခဲ့သည့် "ပြည်ထောင်စုနေ့" သမိုင်းဖြစ်ရပ်ကြီး၏ ခိုင်မာမြဲမြံသော ပန္နက်လည်းဖြစ် ပါသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတစ်နိုင်ငံ အေးချမ်းတည်ငြိမ်မှုနှင့် အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲနေစေရေးအတွက် အသက်တမျှ အရေးကြီးပါသည်။ ထို့အပြင် နိုင်ငံတစ်နိုင်ငံ တိုးတက်ရေးအတွက် ကြီးမားသော မောင်းနှင်အားတစ်ရပ်ဖြစ်သည့်အတွက်လည်း တိုင်းရင်းသား ညီအစ်ကိုများအကြား သံသယများဖယ်ရှားကာ ဆွေးနွေး ညှိနှိုင်းခြင်းဖြင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် တည်ဆောက် သွားကြရမည်ဖြစ်ပါသည်။ လက်နက်ကိုင် အဖွဲ့အစည်း များရှိသည့် နယ်မြေဒေသများရှိ ဒေသခံပြည်သူများသည် နိုင်ငံနှင့် ပြည်သူတို့၏ အကျိုးစီးပွားကိုထိခိုက်စေသည့် အကြမ်းဖက်မှုများနှင့် တိုက်ခိုက်မှုများကို စိတ်ကုန် မုန်းတီးနေကြပြီ ဖြစ်ပါသည်။ မိမိတို့၏ လူမှုဘဝဖွံ့ဖြိုး တိုးတက်ရေးနှင့် လုံခြုံအေးချမ်းစွာ နေထိုင်နိုင်ရေးတို့ကို များစွာတောင့်တလျက်ရှိကြသော ပြည်သူအားလုံး၏ဆန္ဒကို ထည့်သွင်းစဉ်းစားကြရန် အသိပေးလိုပါသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အေးချမ်းသာယာရေး နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၉) ရပ်တို့ကို ချမှတ်ကာ ဆောင်ရွက်လျက်ရှိပြီး တည်ငြိမ် အေးချမ်းရေးနှင့် ဒီမိုကရေစီအသွင် ကူးပြောင်းရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပနိုင်ရေး ပြင်ဆင်လျက်ရှိပါသည်။ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်တွင် ပါရှိသည့် "နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်း ငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေး ရလဒ်တည်ငြိမ်မှုဖြစ်စေရေးအတွက် (NCA)ပါ သဘော တူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင် သွားမည်"ဆိုသည့်အတိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နိုင်ငံတော်ဘက်မှ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက် လျက်ရှိပါသည်။ တိုင်းရင်းသားလက်နက်ကိုင်များအနေဖြင့် မိမိတို့၏ဆန္ဒနှင့် မိမိအဖွဲ့အစည်း အကျိုးစီးပွားထက် ဖြစ်သင့်ဖြစ်ထိုက်သည့် ပြည်ထောင်စုနှင့် တိုင်းရင်းသား ပြည်သူအားလုံး၏ အကျိုးစီးပွားကို စိတ်ရင်းစေတနာ မှန်ဖြင့် ရှုမြင်သုံးသပ်ကာ ပြည်ထောင်စုငြိမ်းချမ်းရေးကို ရှေးရှုတွေးမြင်လုပ်ဆောင်ကြရန် လိုအပ်ပါသည်။

နိုင်ငံဖွံ့ဖြိုးရေးအတွက် တည်ဆောက်ထားသည့် အခြေခံ အဆောက်အအုံများ ပျက်စီးခဲ့သည့်အတွက် တိုင်းရင်းသား ပြည်သူများ ဆင်းရဲဒုက္ခရောက်ကြရသကဲ့သို့ နိုင်ငံတိုးတက် ရေးအတွက် အရေးပါသော လူ့စွမ်းအားအရင်းအမြစ်များ အဓိပ္ပာယ်မဲ့ပြုန်းတီးနေရသည်မှာလည်း နိုင်ငံအင်အား လျော့နည်းလာခြင်းသာဖြစ်ပါသည်။ ထို့ကြောင့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးအနေဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ရာတွင် လေးလေး နက်နက် နားလည်သဘောပေါက်ပြီး ပူးပေါင်းဆောင်ရွက် ကြပါရန် ထပ်မံတိုက်တွန်းလိုပါသည်။

မိမိတို့နိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခသည် ခက်ခဲကြမ်းတမ်းသော စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။ မိမိတို့အနေဖြင့် နိုင်ငံတော်အကျိုး၊ ပြည်သူအကျိုးအတွက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ဖော်ဆောင်လိုသည့်ရည်ရွယ်ချက်သာရှိပါသည်။ ထို့ကြောင့်တိုင်းရင်းသားပြည်သူအားလုံး လိုလားသည့် နိုင်ငံရေးနည်း၊ တွေ့ဆုံဆွေးနွေးခြင်းနည်းများဖြင့်သာ ဖြေရှင်းကြရမည်ဖြစ်ပါသည်။ တွေ့ဆုံဆွေးနွေးခြင်း နည်းများကသာ တည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်နိုင်ပြီး ပြည်သူများ၏ စီးပွားရေးနှင့် လူမှုရေးအခြေအနေများ တိုးတက်ကောင်းမွန်လာနိုင်မည်ဖြစ်ပါသည်။

တိုင်းပြည်တစ်ပြည် ကောင်းစွာရှင်သန်ရပ်တည်နေနိုင်ရန် မိမိကိုယ်ကို ခုခံကာကွယ်နိုင်စွမ်းနှင့် မိမိတို့၏ လုပ်ကိုင်ဆောင်ရွက်နိုင်မှုများကို မြှင့်တင်နေကြရမည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ ရပ်တည်ရှင်သန်ရေးကို ကိုယ်စွမ်းကိုယ်စနှင့် မထိန်းသိမ်းနိုင်လျှင် နိုင်ငံ၏ အချုပ်အခြာအာဏာ အားနည်းပြီး သူတစ်ပါးလက်အောက်ခံဘဝသို့ ကျရောက်နိုင်သည်ကိုလည်း သတိပြုကြရမည်ဖြစ်ပါသည်။ လွတ်လပ်သည့်နိုင်ငံအဖြစ် တည်တံ့ခိုင်မြဲစေရန်၊ သူတစ်ပါးလက်အောက်ခံမဖြစ်စေရန် မိမိတို့အားလုံး စည်းလုံးညီညွတ်ကြရမည်ဖြစ်ပါသည်။ နိုင်ငံတော်အတွက် ဘေးအန္တရာယ်ကျရောက်နိုင်သည့် ယခုအချိန်ကာလတွင် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိသည့် တပ်မတော်နှင့် ပြည်သူတို့ခိုင်မြဲစွာလက်တွဲပြီး တိုင်းပြည်ချစ်စိတ်၊ ရဲစွမ်းသတ္တိအပြည့်အဝဖြင့် နိုင်ငံတော် အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် စည်းလုံးညီညွတ်စွာ နိုင်ငံတော်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

မိမိတို့အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရည်မှန်းချက်ဖြစ်သည့် လွတ်လပ်၍ တရားမျှတမှုအပြည့်ရှိသည့် ရွေးကောက်ပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ရာ ပြည်သူများက ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေး စိတ်ဓာတ်များဖြင့် မျိုးချစ်စိတ်များကိုအခြေခံပြီး စည်းလုံးညီညွတ်စွာဖြင့် တရားမျှတပြီး လွတ်လပ်သောရွေးကောက်ပွဲကြီး အောင်မြင်စေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် လိုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ မြန်မာနိုင်ငံသား တိုင်းရင်းသားပြည်သူများအနေဖြင့် ငြိမ်းချမ်းသာယာအေးချမ်း ပျော်ရွှင်စွာဖြင့် အသက်မွေးလိုသောဆန္ဒရှိကြပါသည်။ ယင်းဆန္ဒ ပြည့်ဝရန်အတွက် အေးချမ်းသာယာဝပြောရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် စားဝတ်နေမှုဖူလုံရေးတို့ ပြည့်စုံရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသားအားလုံး အကျိုးဝင်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်လျက်ရှိသကဲ့သို့ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် အကောင်အထည်ဖော်လျက်ရှိပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ယခုထက်ပိုမို ထွန်းကားလာရန် လိုအပ်သဖြင့် MSME လုပ်ငန်းများ အောင်မြင်ရေးကို အလေးထား ဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် အခြေခံကောင်း၊ အစဉ်အလာကောင်းများရှိခဲ့သည့် ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားများအနေဖြင့် ပိုမိုကြိုးပမ်းအားထုတ်ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် လူငယ်များအပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အသိပညာ၊ အတတ်ပညာထူးချွန်ရန် လိုအပ်သကဲ့သို့ ဖြောင့်မတ်မှန်ကန်စွာ တွေးခေါ်ဆင်ခြင် ဆုံးဖြတ်နိုင်စွမ်း မြင့်မားရန်လည်း လိုအပ်ပါသည်။ နိုင်ငံတော်အနေဖြင့် ထူးချွန်ထက်မြက်ပြီး ပြည်ထောင်စုအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် ဘက်စုံပညာရေးကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျေးလက်ဒေသ၊ နယ်စပ်ဒေသများပါမကျန် ပညာသင်ယူခွင့် အခွင့်အလမ်းများရရှိအောင် နိုင်ငံတော်နှင့်အတူ ဝိုင်းဝန်းကြိုးပမ်းကြပါရန် တိုက်တွန်းလိုပါသည်။

ဗလငါးတန်ပြည့်စုံသောလူငယ်များ ပေါ်ထွန်းလာရေးအတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးသကဲ့သို့ ကျန်းမာကြံ့ခိုင်ရေးသည်လည်း ထပ်တူထပ်မျှ အရေးကြီးသည့်အတွက် ကျန်းမာကြံ့ခိုင်သော လူ့အဖွဲ့အစည်းဖြစ်ပေါ်စေရေး နိုင်ငံတော်က အလေးထားဆောင်ရွက်လျက်ရှိပါသည်။

အထူးသဖြင့် လူငယ်များအတွင်း ကျန်းမာကြံ့ခိုင်မှုနှင့် အားကစားစိတ်ဓာတ်ဖွံ့ဖြိုးလာစေရေးအတွက်တိုင်းရင်းသား ပြည်သူများက နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းမှာကြားလိုပါသည်။

နိဂုံးချုပ်အနေဖြင့် အေးချမ်းသာယာသော ပြည်ထောင်စုကြီး ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတို့ကို အုတ်မြစ်ချပေးနိုင်ခဲ့သည့် "ရှမ်းပြည်နယ်နေ့"အခါသမယတွင် ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကို မောင်နှမများအားလုံးအနေဖြင့် ၁၉၄၇ ခုနှစ်က သန္နိဋ္ဌာန်ချမှတ်ခဲ့ကြသည့်... သန္ဓေတည်ဖြစ်ပွားခဲ့သော ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံ၍ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကိုတည်ဆောက် ရာတွင် နိုင်ငံတော်၊ တပ်မတော်နှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်ကြပါရန် တိုက်တွန်းလျက် သဝဏ်လွှာပေး ပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

■ ■ ■

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

## ( ၁၂ - ၂ - ၂၀၂၅ )

**ချစ်ကြည်လေးစားရပါသောပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကို မောင်နှမများခင်ဗျား–**

ယနေ့ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သည့် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့မင်္ဂလာ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အတွင်း ချစ်ကြည်ရင်းနှီးစွာ အတူလက်တွဲနေထိုင်ကြသော သွေးချင်းသားချင်း ညီအစ်ကိုမောင်နှမအားလုံးကောင်းကျိုး မင်္ဂလာအဖြာဖြာနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံသည် ပုဂံခေတ်မှသည် ကုန်းဘောင်ခေတ် အထိ နိုင်ငံ၏သမိုင်းတစ်လျှောက် စည်းလုံးညီညွတ်စွာ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ကြွားထည်ဝါစွာ ရပ်တည်နိုင်ခဲ့ပါသည်။ သို့သော်လည်း မြန်မာနိုင်ငံအား အင်္ဂလိပ်နယ်ချဲ့တို့မှ ကျူးကျော်စစ်သုံးကြိမ် ဆင်နွှဲခဲ့သဖြင့် ၁၈၈၅ ခုနှစ်တွင် တစ်နိုင်ငံလုံး သူ့ကျွန်ဘဝသို့ ရောက်ခဲ့ရပါသည်။

ပြည်ထောင်စုဖွားသွေးချင်းများသည် ဆုံးရှုံးခဲ့သည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြန်လည်ရရှိစေရန် သွေးစည်းညီညွတ်မှုဖြင့် နှစ်ပေါင်းများစွာ ကြိုးပမ်းခဲ့ကြပါ သည်။ ဗြိတိသျှတို့သည် မြန်မာနိုင်ငံအား လွတ်လပ်ရေး ပေးရသည့်တိုင် ပြည်မကိုသာ လွတ်လပ်ရေးပေးကာ တောင်တန်းဒေသများကို ချန်လှပ်ထားရန် ကြံစည်၍ အချင်းချင်း စည်းလုံးညီညွတ်မှုပြိုကွဲစေမည့် သွေးခွဲ အုပ်ချုပ်ရေးစနစ်ကိုလုပ်ဆောင်ခဲ့ကြပါသည်။ သို့သော်လည်း တောင်တန်းဒေသ၊ ပြည်နယ်ပြည်မ မခွဲခြားဘဲ လွတ်လပ် ရေးကို တစ်ပေါင်းတစ်စည်းတည်း အတူရယူမည်ဟူသော သန္နိဋ္ဌာန်ဖြင့် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် တိုင်းရင်းသား ခေါင်းဆောင်ကြီး (၂၃)ဦးတို့က ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်နေ့ နံနက်တွင် ပင်လုံမြို့၌ ပြည်ထောင်စုစာချုပ် ကြီးကို သမိုင်းဝင်လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာကို ပြန်လည်ရယူနိုင်ခဲ့ကြပါသည်။ ထိုကဲ့သို့ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လွတ်လပ်ရေးအတွက် အခြေခံဖြစ်သော သမိုင်းဝင်ပင်လုံစာချုပ်ကြီးကို လက်မှတ် ရေးထိုးခဲ့သည့် ဖေဖော်ဝါရီလ(၁၂)ရက်နေ့ကို ပြည်ထောင်စု နေ့ဟုသတ်မှတ်၍ နှစ်စဉ်ပြည်ထောင်စုနေ့ အခမ်းအနား များကို ကျင်းပခဲ့သည်မှာ (၇၈)နှစ် တိုင်ခဲ့ပြီဖြစ်ပါသည်။

**ချစ်ကြည်လေးစားရပါသောပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကို မောင်နှမများခင်ဗျား–**

မိမိတို့နိုင်ငံ၏ထူးခြားသောဝိသေသမှာ တိုင်းရင်းသား လူမျိုးပေါင်း ၁၃၀ ကျော်သည် ပြည်ထောင်စုတစ်ဝန်းလုံးတွင် ပေါင်းစည်းနေထိုင်ကြခြင်းပင်ဖြစ်ပါသည်။ နေရာဒေသ အသီးသီးရှိ တိုင်းရင်းသားပြည်သူများအချင်းချင်း မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရားလေးပါး ဖြင့် နေထိုင်ဆက်ဆံကြမည်ဆိုပါက အေးချမ်းသာယာသော လူ့ဘောင်လောကကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ အလားတူပင် နိုင်ငံသားတိုင်း ဝံသာနုရက္ခိတ တရားတည်း ဟူသော မိမိနိုင်ငံနှင့် လူမျိုးကို အစဉ်စောင့်ရှောက်လိုစိတ်၊ အမျိုးဂုဏ် ဇာတိဂုဏ်နှင့် အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းလိုစိတ်တို့ကို အခြေခံပြီး အေးအတူပူအမျှ ချစ်ကြည်စွာ ပေါင်းစုနေထိုင်သွားကြမည် ဆိုပါက ပြည်ထောင်စုကြီး အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲ နေမည်သာ ဖြစ်ပါသည်။

ရှေးမြန်မာမင်းများနှင့် ဘိုးဘွားဘီဘင်များထံမှ အမွေအနှစ်အဖြစ် ရရှိထားသော ပြည်ထောင်စုနယ်နိမိတ် မပျောက်ပျက်စေရေးအတွက် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာ

အာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန်မှာ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး၏ မွေးရာပါ တာဝန်ဖြစ်ပါသည်။ သို့ဖြစ်ရာ ပြည်ထောင်စုသားအားလုံး က "ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သော မျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ကြရန်" တိုက်တွန်းနှိုးဆော်အပ် ပါသည်။

**ချစ်ကြည်လေးစားရပါသောပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကို မောင်နှမများခင်ဗျား-**

မြန်မာနိုင်ငံအတွင်းမှီတင်းနေထိုင်ကြသောတိုင်းရင်းသား လူမျိုးအားလုံးသည် ရှေးနှစ်ပေါင်းများစွာကတည်းက တစ်မြေတည်းနေ တစ်ရေတည်းသောက်ခဲ့ကြသော ညီရင်း အစ်ကို၊ မောင်ရင်းနှမများ ဖြစ်ကြပါသည်။ မွေးဖွားရာဇာတိ၊ နေထိုင်ရာဒေသ၊ ကြီးပြင်းရာဝန်းကျင်၊ ကိုးကွယ်ရာဘာသာ၊ ပြောဆိုရာစကားနှင့် မြတ်နိုးရာစာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးတမ်းများ မတူကွဲပြားသော်လည်း ပြည်ထောင်စုသား သွေးချင်းများ ဖြစ်သည်ဟူသော အသိစိတ်ဖြင့် တစ်ဦးနှင့်တစ်ဦး တန်ဖိုးထားလေးစားကာ စည်းလုံးညီညွတ်မှု အစဉ်အလာကောင်းများဖြင့် ချစ်ကြည်စွာ အတူယှဉ်တွဲနေထိုင်လာခဲ့ကြပါသည်။

တိုင်းရင်းသားများ၏ ပင်ကိုစိတ်ရင်းတွင် အေးချမ်းစွာ နေထိုင်စားသောက်လိုစိတ်၊ ကိုယ်ချင်းစာစိတ်နှင့် အချင်းချင်း ရိုင်းပင်းကူညီလိုစိတ် အပြည့်ရှိကြပြီး ပကတိရိုးသား ဖြူစင်သော စိတ်ထားရှိကြပါသည်။ ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှု ပယောဂကြောင့် ယနေ့အချိန်ထိ တိုင်းရင်းသားညီနောင် အချင်းချင်းအကြား လက်နက်ကိုင် ပဋိပက္ခများဖြင့် မတည်ငြိမ်မအေးချမ်းဖြစ်နေရာ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို ခေတ်အဆက်ဆက် ဆောင်ရွက်ခဲ့ကြရပါသည်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ကို ချုပ်ဆိုကာ လက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိပါသည်။ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရာတွင် တစ်ဦးနှင့်တစ်ဦး သဘောထားကွဲလွဲမှုများ ရှိနိုင်သော်လည်း ကိုယ်စီ၏လိုလားချက်များကို လက်နက်ကိုင်အကြမ်းဖက်သည့် နည်းလမ်းဖြင့် တောင်းဆိုခြင်းမှာ မှားယွင်းသော လမ်းစဉ်ဖြစ်၍ မှန်ကန်သည့်ကောင်းကျိုးရလဒ်များ ရရှိနိုင်မည် မဟုတ်သည့်အတွက် မိမိတို့ တိုင်းရင်းသားများအကြား နားလည်မှု လွဲမှားခြင်းများ၊ ပဋိပက္ခများရှိပါက တွေ့ဆုံဆွေးနွေးခြင်းဖြင့်သာ ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်းနိုင်ရန် ငြိမ်းချမ်းရေးတံခါးကို အစဉ်ဖွင့်လှစ်ကြိုဆိုလျက်ရှိပါသည်။ ဒေသခံ တိုင်းရင်းသားများကလည်း လက်နက်ကိုင်အဖွဲ့အစည်းများအား မိမိတို့လိုလားချက်များကို နိုင်ငံရေးနည်းလမ်းဖြင့် စေ့စပ်ညှိနှိုင်းအဖြေရှာရေး အားပေးဆောင်ရွက်ကြရန် မေတ္တာရပ်ခံလိုပါသည်။ သို့ဖြစ်၍ "လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး ရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်း ဆောင်ရွက်ရေး"ကို အလေးထားဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ချစ်ကြည်လေးစားရပါသောပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကို မောင်နှမများခင်ဗျား-**

စည်းလုံးသောနိုင်ငံ၊ ညီညွတ်သောနိုင်ငံ၊ နိုးကြားကြိုးစားသောနိုင်ငံသည် အမြဲထာဝရ ဖွံ့ဖြိုးတိုးတက်နေမည် ဖြစ်ပြီး စည်းလုံးညီညွတ်မှုမရှိပါက နိုင်ငံမှာ ရေနစ်ဆားကဲ့သို့ ပျက်စီးပျောက်ကွယ်သွားမည်သာ ဖြစ်ပါသည်။ သို့ဖြစ်ရာ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတွင်းရှိ ပြည်သူများ၏ စည်းလုံးညီညွတ်မှုဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံး ပကတိလိုအပ်ချက်သည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးပင် ဖြစ်ပါသည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှ တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှု၊ ဘဝလုံခြုံမှုနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတို့ကိုလည်း ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ပါသည်။

မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးပြဿနာများနှင့် ပဋိပက္ခများကို ဖြေရှင်းရာတွင် ပြည်ပနိုင်ငံအချို့က ပြည်တွင်း

ပဋိပက္ခကိုဒေသတွင်းပဋိပက္ခအခြေအနေထိဖြစ်ပေါ်အောင် ဖန်တီးနေကြပါသည်။ တိုင်းပြည်စည်းလုံးမှု ပြိုကွဲပါက အင်အားချည့်နဲ့ကာ ခေတ်သစ်ကိုလိုနီနယ်ချဲ့များ ပါဝင်ပတ်သက် ဝင်ရောက်စွက်ဖက်လာနိုင်သည်ကို သတိပြုကြရမည်ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံအဖြစ် တည်တံ့ခိုင်မြဲစေရန်၊ သူတစ်ပါးလက်အောက်ခံ မဖြစ်စေရန်၊ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးစေရန်နှင့် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် တိုင်းရင်းသားပြည်သူအပေါင်း စည်းလုံးညီညွတ်စွာဖြင့် အကြမ်းဖက်မှုများကို တားဆီးဟန့်တားကြရန် လိုအပ်ပါသည်။ နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိသော အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထုတို့ စိတ်တူကိုယ်တူ တစ်သားတည်းရှိနေကြမှသာ မြန်မာနိုင်ငံတော်ကြီး တည်တံ့ခိုင်မြဲနေမည်ဖြစ်ပါသည်။ သို့ဖြစ်၍ "ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူ အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ကြရန်" တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကို မောင်နှမများခင်ဗျား–**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ သိက္ခာရှိသည့်ရွေးကောက်ပွဲနှင့် သိက္ခာရှိသည့်လွှတ်တော်တစ်ရပ်ကိုဖော်ဆောင်ပေးသွားမည်ဖြစ်ပါသည်။ ရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းကို ဥပဒေနှင့်အညီ ခွင့်ပြုပေးထားပြီး ပါတီစုံပါဝင်နိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ရွေးကောက်ပွဲ ကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို ၂၀၂၄ ခုနှစ်တွင် အောင်မြင်စွာ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ရွှေ့ပြောင်းလူဦးရေစာရင်းကိုတရားဝင်ထုတ်ပြန်ခဲ့ပြီးဖြစ်ကာ တိကျမှန်ကန်သည့် အတည်ပြုဦးရေစာရင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်ပေးပို့ပြီး ရွေးကောက်ပွဲအတွက် ပြင်ဆင်စီမံဆောင်ရွက်လျက်ရှိပါသည်။

ရွေးကောက်ပွဲတွင် မဲမသမာမှုမရှိရေးနှင့် တိကျမှန်ကန်ရေး Myanmar Electronic Voting Machine ဖြင့် မဲပေးသည့်စနစ်ကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှု၊ ဆုံးရှုံးမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်သည့် ရွေးကောက်ပွဲဖြစ်စေရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပါတီစုံဒီမိုကရေစီစနစ်ကို တည်ဆောက်ရာတွင် ဒီမိုကရေစီယဉ်ကျေးမှုနှင့်အညီ လူတစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်၏ လိုအင်ဆန္ဒများကို ပဋိပက္ခအဖြစ် ဖန်တီးလှုံ့ဆော်မှု၊ အကြမ်းဖက်ဖော်ဆောင်မှုများမှ ရှောင်ရှား၍ ငြိမ်းချမ်းသောနည်းဖြင့်သာ ဖော်ဆောင်ကြရမည် ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်တွင်ရွေးကောက်ပွဲသည်အဓိကဖြစ်သဖြင့်ရွေးကောက်ပွဲကျင်းပနိုင်ရေး လိုအပ်နေသော တည်ငြိမ်အေးချမ်းမှုရှိရေး ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ "ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်" တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကို မောင်နှမများခင်ဗျား–**

ပြည်နယ်နှင့် တိုင်းဒေသကြီးအချင်းချင်းအကြားတွင်လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး တစ်ခုချင်းစီအတွင်းတွင်လည်းကောင်း၊ ကျေးလက်နှင့် မြို့ပြအကြားတွင်လည်းကောင်း လူနေမှုစနစ်ကွာဟနေမှုများ၊ ဆင်းရဲချမ်းသာကွာဟနေမှုများကို အတတ်နိုင်ဆုံး လျှော့ချပြီး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးကြရမည်ဖြစ်ပါသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို အမျိုးသားရေးရည်မှန်းချက်အဖြစ် ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။ တိုင်းပြည်သာယာဝပြောရေးအတွက် တိုင်းပြည်အေးချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတွင် တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှုက ပဓာနကျသကဲ့သို့ တိုင်းရင်းသား

ခေါင်းဆောင်များ၏ ပြည်ထောင်စုအကျိုးရှေးရှုမှုက အခရာကျပါသည်။

စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရန် ဆောင်ရွက်လျက်ရှိပါသည်။ အလားတူပင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများကို သမဝါယမစနစ်ဖြင့် အကောင်အထည်ဖော်လျက်ရှိပါသည်။ ကျေးလက်အခြေခံ အဆောက်အအုံဖွံ့ဖြိုးရေး၊ အရည်အသွေးမီသော အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးစေရေးတို့အပြင် ဒေသနှင့်ကိုက်ညီသည့် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်၍ နည်းပညာနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။ မတူညီသည့် ရေမြေ၊ ရာသီဥတု၊ ဒေသအခြေအနေများအပေါ်မူတည်၍ ဒေသအလိုက် မည်သည့်ရေတို၊ ရေရှည်စီးပွားရေးလုပ်ငန်းမျိုး ဆောင်ရွက်သင့်သည်၊ မည်သည့်အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးသင့်သည်ကိုဆွေးနွေးညှိနှိုင်းပြီး ဒေသဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများကို သမားရိုးကျနည်းအပြင် ခေတ်မီနည်းစနစ်များဖြင့် တီထွင်တိုးမြှင့်ထုတ်လုပ်ရမည်ဖြစ်ပါသည်။ ပြည်တွင်းစားသုံးမှု ဖူလုံပြီးပြည်ပသို့တင်ပို့နိုင်ပါက နိုင်ငံ့စီးပွားတိုးတက်လာသည်နှင့်အမျှ ပြည်ထောင်စုတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝများလည်း တိုးတက်လာကာ ပြည်နယ်နှင့် တိုင်းဒေသကြီးများ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

ကျန်းမာမှ အလုပ်လုပ်နိုင်မည်ဖြစ်သောကြောင့် နေရာဒေသမရွေး ကျန်းမာရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများ တန်းတူရည်တူအပြည့်အဝရရှိစေရန် အလေးထားဆောင်ရွက်ပေးလျက်ရှိပါသည်။ ဤကဲ့သို့ ဆောင်ရွက်ရာတွင် လူသားအရင်းအမြစ်သည် အဓိကကျသဖြင့် ကျန်းမာရေးနှင့် ပတ်သက်သော အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်ပညာရှင်များ စနစ်တကျ မွေးထုတ်လျက်ရှိပါသည်။

ယနေ့အချိန်တွင် အနာဂတ်၏ အင်အားများဖြစ်သည့် လူငယ်များကို ကိုယ်ရည်ကိုယ်သွေး၊ ကိုယ်စွမ်းကိုယ်စများမြှင့်တင်ကာ ဘက်စုံပညာဖွံ့ဖြိုးတိုးတက်အောင် ပြုစုပျိုးထောင်ပေးလျက်ရှိပါသည်။ ထို့ကြောင့်လည်း နိုင်ငံသားတိုင်း အနည်းဆုံး KG+9 အလယ်တန်းအဆင့် ပြီးမြောက်အောင်မြင်ရေးနှင့် အသိပညာ အတတ်ပညာ ပြည့်စုံသော ပညာတတ်များ ပေါ်များရေးဟူသော ပညာရေးမျှော်မှန်းချက်များ အောင်မြင်စေရန် ကျောင်းများတိုးချဲ့ရေး၊ ဆရာဆရာမများ၏ စွမ်းရည်မြှင့်တင်ရေးနှင့် ကျောင်းဥပဓိရုပ်ကောင်းမွန်အောင် ပြင်ဆင်ရေးတို့အတွက် တိုးမြှင့်စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျန်းမာရေးကောင်းမွန်သော ပညာတတ်များ ပေါ်များလာသည်နှင့်အမျှ ကုန်ထုတ်စွမ်းအားများတိုးတက်လာပြီး လူမှုစီးပွားဘဝများလည်း မြင့်မားလာကာ ပြည်နယ်နှင့် တိုင်းဒေသကြီးများအကြား ကွာဟမှုလျော့နည်းလာမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ "ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး"အတွက် သက်ဆိုင်သူများနှင့် တိုင်းရင်းသားပြည်သူအပေါင်းက ဝိုင်းဝန်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသောပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများခင်ဗျား-**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များကို ပြည့်ဝအောင်မြင်စေရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားများက သမိုင်းပေးတာဝန်အဖြစ်ခံယူလျက် ညီနောင်တစ်စုတည်ထောင်ပြုပါက ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲ၊ ဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်ပါကြောင်း တိုက်တွန်းမှာကြားလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

■ ■ ■

# (၇၇) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

## ( ၂၀ - ၂ - ၂၀၂၅ )

**ချစ်ကြည်လေးစားအပ်ပါသော ချင်းတိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား-**

ယနေ့ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့တွင် ကျရောက်သည့် (၇၇) နှစ်မြောက် "ချင်းအမျိုးသားနေ့" နေ့ထူးနေ့မြတ်အခါသမယတွင် ချင်းတိုင်းရင်းသားများ မျိုးနွယ်စုအားလုံးနှင့်အတူ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

၁၉၄၈ ခုနှစ်၊ ဖလမ်းမြို့ လူထုအစည်းအဝေးပွဲမှ ပဒေသရာဇ်အုပ်ချုပ်ရေးစနစ်ကို ဖျက်သိမ်းကာ ဒေသန္တရဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးဖော်ဆောင်ပေးနိုင်ခဲ့သော ဖေဖော်ဝါရီလ (၂၀)ရက်နေ့ကို "ချင်းအမျိုးသားနေ့" အဖြစ် ရွေးချယ်သတ်မှတ်ခဲ့ကြပြီး ဂုဏ်ယူစွာဖြင့် နှစ်စဉ်အခမ်းအနားများ ကျင်းပခဲ့သည်မှာ (၇၇) နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ချင်းတိုင်းရင်းသားများ အပါအဝင် ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံးသည် ရှေးနှစ်ပေါင်းများစွာက တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ပြီး မိသားစုပမာ စိတ်တူကိုယ်တူ စည်းလုံးညီညွတ်စွာ အတူယှဉ်တွဲနေထိုင်လာခဲ့ကြရသောကြောင့် ကမ္ဘာ့အလယ်တွင် သိက္ခာရှိစွာဖြင့် ခန့်ညားထည်ဝါစွာ ရပ်တည်နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ လက်လွှတ်ဆုံးရှုံးခဲ့ရချိန်တွင်လည်း တိုင်းရင်းသားအားလုံး၏ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြန်လည်ရယူနိုင်ခဲ့ပါသည်။

နိုင်ငံတော်၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းဖြစ်စဉ်တစ်လျှောက်လုံးနှင့် လွတ်လပ်ရေးရပြီး နိုင်ငံတော်တည်ဆောက်ချိန်များတွင်လည်း ချင်းတိုင်းရင်းသားတို့သည် ပြည်ထောင်စုဖွားတိုင်းရင်းသားများနှင့်အတူ ကျောချင်းကပ်၊ ရင်ချင်းအပ်ကာ လက်တွဲပါဝင်ခဲ့ကြပါသည်။ ဗြိတိသျှကိုလိုနီတို့၏ ကျူးကျော်သိမ်းပိုက်ခြင်းကို ခံခဲ့ရစဉ်က ချင်းတိုင်းရင်းသားခေါင်းဆောင်များဖြစ်ကြသော ဗိုလ်ခိုင်ကမ်း၊ ဗိုလ်ကြွမ်ဘိခ်၊ ဗိုလ်လာလ်လွဲ၊ ဗိုလ်ထောင်လင်းတို့နှင့် ချင်းတိုင်းရင်းသားများသည် အခြားသောတိုင်းရင်းသားပြည်သူတို့နှင့်အတူ ရဲဝံ့စွန့်စားစွာဖြင့် ခုခံတော်လှန်ခဲ့ကြပါသည်။ လွတ်လပ်ရေးကြိုးပမ်းခဲ့စဉ်ကာလကလည်း ဦးထောင်ဇခုပ်၊ နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်) ဦးကီးယိုမန်း၊ ဝဏ္ဏကျော်ထင် ဦးလှျံမှုန်၊ သီရိပျံချီ ဦးထောင်ကျင်းထန်၊ လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်) သတိုးမဟာစည်သူ ဦးဝမ္မသူးမောင်တို့သည် ရှုပ်ရှုပ်ချုံချုံ တိုက်ပွဲဝင်ခဲ့ကြသည်ကို တွေ့ရှိရပါသည်။

၁၉၄၇ ခုနှစ်၊ ၁၉၇၄ ခုနှစ်နှင့် ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခဲ့စဉ် သုံးကြိမ်လုံး ပါဝင်ဆောင်ရွက်ခဲ့သည့် နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) သီရိပျံချီ ဦးထပ်လိုင်း၊ လွတ်လပ်ရေးရပြီးကာစ ပြည်တွင်းဆူပူသောင်းကျန်းမှုကို ချေမှုန်းတိုက်ခိုက်ခဲ့ကြသည့် ဒုတိယဗိုလ်မှူးကြီးဟရန်ထီးယို၊ ဒုတိယဗိုလ်မှူးကြီး လျန်ကျင့်ဇမ်း၊ ဗိုလ်ကြီး သူရအောင်ဆန်းသူရိယတိုက်ချွန်း၊ ဗိုလ်မှူးကြီး ဇေယျ ကျော်ထင်ဗန်ကူး၊ နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) ဗိုလ်ချုပ်ထောင်ဇာခိုင်တို့နှင့်အတူ ချင်းတိုင်းရင်းသားများသည် နိုင်ငံတော်အတွက် ကျရာတာဝန်အသီးသီးကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြပါသည်။

ထိုသို့နိုင်ငံတော်နှင့် ပြည်ထောင်စုတည်တံ့ခိုင်မြဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် အသက်၊ သွေး၊ ချွေးများ ပေးဆပ်ခဲ့ကြသော နိုင်ငံတော်နှင့် တပ်မတော်အတွက် ထာဝရဂုဏ်ယူလေးစားနေရသည့် ချင်းတိုင်းရင်းသားမျိုးချစ်သူရဲကောင်းများစွာ သမိုင်းထင် ကျန်ရစ်ခဲ့ကြ

သည်မှာ ချင်းပြည်နယ်နှင့် ချင်းတိုင်းရင်းသားများအတွက် ဂုဏ်ယူလေးစားဖွယ် ဂုဏ်ဒြပ်များပင်ဖြစ်ပါသည်။

ယနေ့အချိန်တွင် ချင်းပြည်နယ်၏ နေရာဒေသအချို့အပါအဝင် နိုင်ငံတော်အတွင်း ဆူပူအကြမ်းဖက်မှုများ၊ တရားဥပဒေကို ဖောက်ဖျက်ကျူးလွန်မှုများနှင့် နိုင်ငံတော်ကို ပြိုကွဲပျက်စီးစေမည့် အဖျက်လုပ်ရပ်များစွာရှိနေခြင်းမှာ နိုင်ငံတော်အတွက် အလွန်အန္တရာယ်ကြီးမားလှပါသည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား နှစ်ထောင်ပေါင်းများစွာ ဖြစ်တည်လာခဲ့သည့် သံယောဇဉ်တရားနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ဖြိုခွဲဖျက်ဆီးလျက်ရှိသည့် ပြည်တွင်းပြည်ပ အဖျက်အင်အားစုတို့၏ အချင်းချင်းမုန်းတီးစေရန်အတွက် သွေးခွဲရန်တိုက်ပေးမှုများ၊ ကျဉ်းမြောင်းသော လူမျိုးရေး အယူဝါဒသွတ်သွင်းနေမှုများကို အထူးသတိပြုကာကွယ်ကြရန် လိုအပ်ပါသည်။

ယခုကြုံတွေ့နေရသော အကြမ်းဖက်လုပ်ရပ်များမှာ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုရလဒ် ပယ်ဖျက်ခံရသည့်အပေါ် အမှန်ကို အမှန်အတိုင်း သုံးသပ်ရှုမြင်မှုမရှိဘဲ အာဏာကို အဓမ္မနည်းဖြင့် လိုချင်တပ်မက်သည့်ဆန္ဒကြောင့် သွေးထိုးလှုံ့ဆော်မှုများမှ စတင်ခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံတော်နှင့် ပြည်သူတို့အပေါ် သဘောထားမမှန်ကန်သည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့ကလည်း ဖြစ်ပေါ်လာသော မတည်ငြိမ်မှုကို အခွင့်ကောင်းယူပြီး တည်ငြိမ်အေးချမ်းနေသောဒေသများကို အကြမ်းဖက်တိုက်ခိုက် ဖျက်ဆီးခဲ့ကြပါသည်။ ထိုဖြစ်စဉ်များကြောင့် ချင်းပြည်နယ်အပါအဝင် ဒေသအသီးသီး၌ အပြစ်မဲ့ပြည်သူများ၏ အသက်၊ အိုးအိမ်၊ ပစ္စည်းဥစ္စာများသာမက ပြည်သူပိုင်အဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးကာ ဆင်းရဲဒုက္ခကြုံတွေ့နေရသည်မှာ အားလုံးအသိပင်ဖြစ်ပါသည်။

လက်နက်ကိုင်အကြမ်းဖက်မှုများ၏ ဆိုးကျိုးကို လက်တွေ့ခံစားနေရသည်မှာ ဒေသခံတိုင်းရင်းသားပြည်သူများပင်ဖြစ်ပါသည်။ ထိခိုက်ဆုံးရှုံးမှု မှန်သမျှမှာလည်း နိုင်ငံတော်၏ အရင်းအမြစ်နှင့် အခြေခံအဆောက်အအုံများပင်ဖြစ်ပါသည်။ တိုးတက်ဖွံ့ဖြိုးမှု အရှိန်အဟုန်ရရှိနေသည့် အခြေအနေမှာ ယခုကဲ့သို့ မဆင်မခြင်လုပ်ရပ်များကြောင့် ပျက်စီးဆုံးရှုံးရခြင်းမှာ နိုင်ငံ၏အင်အားကို လျော့ပါးစေပြီး မူလအခြေအနေ ပြန်လည်ရောက်ရှိအောင် အကုန်အကျများစွာနှင့် အချိန်ယူတည်ဆောက်ကြရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေကြရသည့် ဝန်ထမ်းများနှင့် ပြည်သူများကို နိုင်ငံတော်မှ ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ကြောင့် နိုင်ငံနှင့် ပြည်သူအတွက် ဆိုးကျိုးများကို ဖြစ်ပေါ်စေသည့် ဆူပူအကြမ်းဖက်တိုက်ခိုက်မှုများ ပပျောက်စေပြီး တည်ငြိမ်အေးချမ်းမှုရရှိစေရန် ချင်းတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူများမှ အားလုံးပူးပေါင်းပါဝင်ကြရန် တိုက်တွန်းလိုပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရေးဟူသော နိုင်ငံရေးရည်မှန်းချက်(၂)ရပ်ကို ချမှတ်ထားပြီး တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေးဟူသော အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ကိုလည်း ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းရည်မှန်းချက်များ အောင်မြင်နိုင်ရေးအတွက် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၉)ရပ်တို့ကို ချမှတ်ပြီး ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်အကျိုး၊ ပြည်သူလူထုအကျိုးအတွက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်း၍ တည်ငြိမ်အေးချမ်းသော ပတ်ဝန်းကျင်ကောင်းကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ပါသည်။ ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးဆောင်ရွက်ရာတွင် စီးပွားရေးဆိုင်ရာများကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး စီးပွားရေးကောင်းမွန်လာပါက နိုင်ငံရေး၊ လူမှုရေး၊ ကျန်းမာရေး စသည့်ကဏ္ဍအသီးသီးပါ တိုးတက်ကောင်းမွန်လာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဒေသအလိုက် စိုက်ပျိုးရေးထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ပြီး ဒေသနှင့်ကိုက်ညီသည့် စနစ်ကျနသော မွေးမြူရေးလုပ်ငန်းများကိုလည်း ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ဒေသတွင်းမှ ထွက်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကုန်ပစ္စည်းများမှသည် အရည်အသွေးပြည့်မီသော MSME ထုတ်ကုန်များအဖြစ် ပိုမိုတိုးမြှင့်ထုတ်လုပ်ကြရန်နှင့်ဒေသတွင်းစားသုံးမှုဖူလုံရေး၊ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်း

နိုင်ရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေးအထိပါ ကြိုးစားဆောင်ရွက်ပေးကြပါရန် တိုက်တွန်းမှာကြားလိုပါသည်။ လိုအပ်သည့် နည်းပညာ၊ အရင်းအနှီးနှင့် ကုန်ထုတ်သွင်းအားစုတို့ကိုလည်း နိုင်ငံတော်မှ ပံ့ပိုးပေးလျက်ရှိသကဲ့သို့ ဆက်လက်၍လည်း အားပေးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

မိမိတို့ရည်မှန်းတည်ဆောက်နေသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရေးနှင့်ပြည်သူတစ်ဦးချင်းစီ၏လူမှုဘဝတိုးတက်ရေးအတွက် အသိပညာ၊အတတ်ပညာပြည့်စုံကြရန်လိုအပ်ပါသောကြောင့် နိုင်ငံတော်အနေဖြင့် ပညာရေးအပါအဝင် ကဏ္ဍအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းတက်ခွင့်ရပြီး ပညာသင်ကြားနိုင်ရေး၊ တန်းစဉ်ကူးပြောင်းမှုနှုန်းတိုးတက်စေရေး၊အသက်မွေးဝမ်းကျောင်းပညာအပြင် အဆင့်မြင့်ပညာများအထိ ဆုံးခန်းတိုင်သင်ယူပြီးမြောက်စေပြီး ပညာတတ်လူငယ်များ ပေါ်ထွန်းလာစေရန် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ သို့မှသာ ဗလငါးတန်ပြည့်ဝသော လူငယ်များဖြင့် နိုင်ငံ့အနာဂတ်ကိုတိုးတက်အောင်မြင်အောင်ဖော်ဆောင်သွားနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အန္တိမရည်မှန်းချက်ဖြစ်သည့် လွတ်လပ်၍ တရားမျှတမှုအပြည့်ရှိသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။ ဒေသအလိုက် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းမှသာ လွတ်လပ်၍တရားမျှတမှုအပြည့်ရှိသည့်ရွေးကောက်ပွဲများ ကျင်းပနိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေး NCA ပါ သဘောတူညီချက်များအတိုင်း ဦးတည်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ကြောင့်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး ဆက်လက်၍လည်း လွတ်လပ်စွာ ဆွေးနွေးပြောဆိုကြရန် ကမ်းလှမ်းထားကာ ထာဝရငြိမ်းချမ်းရေးအတွက် အစဉ်အမြဲ တံခါးဖွင့်ကြိုဆိုလျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မဲဆန္ဒရှင်ပြည်သူများအားလုံး ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှု၊ မတရားတိုက်တွန်းမှု၊ အုပ်စုဖြင့် အနိုင်ကျင့်လွှမ်းမိုးမှုစသည့် မတရားမှုများမှ ကင်းဝေးစေပြီး သိက္ခာရှိသည့် ရွေးကောက်ပွဲ၊ တိကျမှန်ကန်သည့်ရွေးကောက်ပွဲဖြစ်စေရန် အလေးထားဆောင်ရွက်လျက်ရှိပါသည်။ လွတ်လပ်ပြီး တရားမျှတသည့် အထွေထွေရွေးကောက်ပွဲကျင်းပရန်အတွက် နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်ပါသည်။ သို့ဖြစ်၍ ချင်းတိုင်းရင်းသားများကလည်း ဒေသချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ ပြည်ထောင်စုချစ်စိတ်များကို အရင်းခံကာ စည်းလုံးညီညွတ်စွာဖြင့် ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ရွေးကောက်ပွဲကြီး အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် ပန်ကြားလိုပါသည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေ စိုးမိုးမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတော်တည်ဆောက်ရေးအတွက် အရေးပါသည့်အလျောက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးကို ချင်းတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းဖော်ဆောင်ကြပါရန် မေတ္တာရပ်ခံတိုက်တွန်းအပ်ပါသည်။ ချင်းတိုင်းရင်းသားများအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကိုအရင်းတည်၍ ချင်းပြည်နယ်၏အကျိုး၊ ပြည်ထောင်စု၏အကျိုးကို ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း (၇၇) နှစ်မြောက် ချင်းအမျိုးသားနေ့ကို ဂုဏ်ပြုလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါသဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော် တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ISBN 978-99986-56-29-1